မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၀ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အငြိမ်းစားပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယနေ့မှစ၍ အငြိမ်းစားပေးလိုက်သည် -

(၁) ဒေါက်တာမင်းသန်းညွန့်
ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(၂) ဒေါက်တာသန်းဇော်မြင့်
ညွှန်ကြားရေးမှူးချုပ်
ဆေးသိပ္ပံပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ထပ်မံခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က)၊ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၈) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ

ပုဒ်မ ၃ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ထပ်မံခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးအင်ဇော်နော်
(၂) ဦးစိုင်းခမ်းဝင်း
(၃) ဦးစောဘလှိုင်
(၄) ဦးဟာကီး
(၅) ဒေါက်တာမောင်မောင်ကြည်
(၆) ဦးစိုင်းနွံတောင်း
(၇) ဦးစိုင်းထွန်းသိန်း
(၈) ဒေါက်တာစိုင်းစံဝင်း

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက် )

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော **၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။) အား ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ ။)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -

(၁) အခန်း (၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

(၂) အခန်း (၆)၊ ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ -

(ကက) ဤဥပဒေပုဒ်မ ၁၉ ပါ လစာမှဝင်ငွေနှင့် ပုဒ်မ ၂၄ တို့ပါပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

(ခခ) ကျန်ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုတာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(င) **နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏ အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက်ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ ဤဥပဒေ၏ အခွန်အကောက် အမျိုးအစားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနသည် ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါ အခွန်အကောက်နှုန်းထားများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောက်ရွက်လိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေး အတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ဇယား (၁) ပါအခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှု အခြေအနေကို ခြောက်လပတ်အလိုက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်

၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဤဥပဒေ၏ဇယား (၁) ပါ အခွန်အကောက်ကောက်ခံရန် လျာထားချက်များကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၁၀။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ အကူအညီကိုရယူနိုင်သည်။

## အခန်း (၅)
## ကုန်သွယ်လုပ်ငန်းခွန်

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

### ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ

(က) မည်သူမဆို အောက်ဖော်ပြပါ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့တွင်ဖော်ပြပါရှိသည့် ကုန်စည်များမှအပ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ခ) အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ထုတ်လုပ်သည့် ကုန်စည်ဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည် -

### အထူးကုန်စည်များ

| စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက်။ | ၁၂၀ |
| ၂ | ဆေးရွက်ကြီး။ | ၆၀ |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ၆၀ |
| ၄ | ဆေးပေါ့လိပ်။ | ၆၀ |
| ၅ | ဆေးပြင်းလိပ်။ | ၆၀ |
| ၆ | ဆေးတံသောက်ဆေးများ။ | ၆၀ |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | ၆၀ |
| ၈ | အရက်အမျိုးမျိုး။ | ၆၀ |
| ၉ | ဘီယာအမျိုးမျိုး။ | ၆၀ |
| ၁၀ | ဝိုင်အမျိုးမျိုး။ | ၅၀ |
| ၁၁ | ကျွန်း၊ သစ်မာ သစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၂၅ |
| ၁၂ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ။ | ၁၅ |
| ၁၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |
| ၁၄ | Double Cab 4 Door Pick Up မှအပ ၁၈၀၀ CC အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | ၂၅ |
| ၁၅ | ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | ၁၀ |
| ၁၆ | သဘာဝဓာတ်ငွေ့။ | ၈ |

(ဂ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုး သို့မဟုတ် ဝန်ဆောင်မှုတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ကုန်စည်/ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံမှုန့်အနု၊ အကြမ်း၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ၊ ပြောင်းမှုန့်များ၊ အခြားနှံစား သီးနှံမှုန့်များ။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ပီလောပီနံဥ၊ ပီလောပီနံမှုန့်။ |
| ၁၄ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ၊ သကြား။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | အခြားနေရာတွင်သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေ့၊ ဓနိ၊ တောင်ထန်း၊ ဖာလာ၊ ဝဉ၊ သနပ်ခါးစသော လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၁ | ထင်း၊ ဝါး။ |
| ၂၂ | သက်ရှိ တိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ |
| ၂၃ | ပိုးအိမ်။ |
| ၂၄ | ကြိမ် အကြမ်းအချော။ |
| ၂၅ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၆ | ချိပ်များ။ |
| ၂၇ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၈ | ဆပ်ပြာမှုန့်ကြမ်း၊ ဆပ်ပြာကြမ်း။ |
| ၂၉ | အရောင်ချွတ်ဖတ်။ |
| ၃၀ | အုန်းဆံချည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ |
| ၃၁ | လက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၂ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |

| စဉ် | ကုန်စည်/ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၃၃ | ချိပ်ပြားနှင့်တံဆိပ်နှိပ်ချိပ်များ။ |
| ၃၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၅ | ငံပြာရည်အမျိုးမျိုး။ |
| ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီနှင့် ဆီအခဲများ။ |
| ၃၇ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၈ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၉ | ဂျုံ၊ ဂျုံမှုန့်။ |
| ၄၀ | နန္နင်း၊ နန္နင်းမှုန့်။ |
| ၄၁ | ချင်း။ |
| ၄၂ | ငါးပိအမျိုးမျိုး။ |
| ၄၃ | မန်ကျည်းမှည့်။ |
| ၄၄ | နိုင်ငံတော်အလံ။ |
| ၄၅ | စိပ်ပုတီးအမျိုးမျိုး။ |
| ၄၆ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၇ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၈ | အုန်းဆီ (စားအုန်းဆီမဟုတ်)။ |
| ၄၉ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၀ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၁ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်းစသည်ဖြင့်)။ |
| ၅၂ | ရေနံချေး။ |
| ၅၃ | ဆားအမျိုးမျိုး။ |
| ၅၄ | ကြက်ပေါင်စေး။ |
| ၅၅ | ကွမ်းသီး။ |
| ၅၆ | ဓာတ်မြေဩဇာ။ |
| ၅၇ | ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး။ |
| ၅၈ | လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့်မွေးမြူရေးလုပ်ငန်းသုံးစက်နှင့်စက်အပိုပစ္စည်းများ။ |
| ၅၉ | တိရစ္ဆာန်၊ငါး၊ ပုစွန်အစာကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်သုံးဆေးဝါးများ။ |
| ၆၁ | မျိုးမြှင့်သားစပ်ရာတွင်အသုံးပြုရန် မျိုးရည်၊ မျိုးချောင်းများ။ |
| ၆၂ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၃ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၆၄ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံး အထွေထွေပစ္စည်းများ။ |
| ၆၅ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး (နည်းဥပဒေ၊ စည်းမျဉ်းဖြင့်၊ ကန့်သတ်ထားသော လူသုံးဆေးဝါးများမှအပ)။ |

| စဉ် | ကုန်စည်/ဝန်ဆောင်မှု အမျိုးအမည် |
|---|---|
| ၆၆ | ဆေးဝါးကုန်ကြမ်းများ။ |
| ၆၇ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင်အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြုစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၆၈ | ခဲတံလုပ်ရန်ခဲဆန်။ |
| ၆၉ | ကွန်ဒုံး (Condom)။ |
| ၇၀ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများသုံးပစ္စည်းနှင့် ပစ္စည်းကိရိယာများ။ |
| ၇၁ | နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၇၂ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများအတွက်ရရှိသည့် ပုံနှိပ်ခရငွေနှင့် စစ်လက်နက်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ၊ တပ်မတော်သုံး ယာဉ်အမျိုးမျိုး။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့်ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် နိုင်ငံခြားငွေဖြင့်ရောင်းချသည့် ပစ္စည်းများ။ |
| ၇၆ | နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများ အသုံးပြုမည့် ကုန်စည်များနှင့် အဆောက်အဦတည်ဆောက်မှုဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်မှ ကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်း အပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရန် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ။ |
| ၇၉ | စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |

(ဃ) မည်သူမဆို ဤဥပဒေနှင့်အညီကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့်ကုန်သွယ်မှုဆောင်ရွက်ခြင်းမှ အပ အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှု ဆောင်ရွက်ခြင်း။

( င ) ပုဒ်မခွဲ (ခ) ပါ ကုန်စည်များအနက် အောက်ပါကုန်စည်များကို ပြည်ပမှတင်သွင်းရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့် မရှိစေရ။ အလားတူ အဆိုပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူထံမှဝယ်ယူ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်ပေးဆောင်ခဲ့ရသည့်ကုန်သွယ်လုပ်ငန်းခွန်ကို

ခုနိုမ်ခွင့်မရှိစေရ။ သို့ရာတွင် ကုန်စည်ကို ဆက်လက်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနိုမ်နိုင်သည် -

(၁) စီးကရက်၊

(၂) ဆေးရွက်ကြီး၊

(၃) ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး၊

(၄) ဆေးပေါ့လိပ်၊

(၅) ဆေးပြင်းလိပ်၊

(၆) ဆေးတံသောက်ဆေးများ၊

(၇) ကွမ်းစားဆေးအမျိုးမျိုး၊

(၈) အရက်အမျိုးမျိုး၊

(၉) ဘီယာအမျိုးမျိုး၊

(၁၀) ဝိုင်အမျိုးမျိုး။

(စ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအစားများ |
|---|---|
| ၁ | အိမ်ငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသက်အာမခံဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၇ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၂ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၃ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၄ | ကလေးသူငယ်ပြုစုပျိုးထောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | မြန်မာ့ရိုးရာ အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/မျက်မမြင်အကြောပြင်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၈ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အများသုံး သန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | ပြည်ပလေကြောင်း ခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ယဉ်ကျေးမှု အနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော)။ |
| ၂၃ | နိုင်ငံတော် အဖွဲ့အစည်းများသို့ ပေးချေရသည့် လိုင်စင်ကြေးများ။ |

(ဆ) ပုဒ်မခွဲ (စ) ပါဝန်ဆောင်မှုလုပ်ငန်းများမှအပ ကျန်ပြည်တွင်း၌ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဇ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီး ရောင်းချသည့် အဆောက်အဦဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ အဆောက်အဦဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ တာဝန်နှင့် အခွင့်အရေးများအားလုံးကို လိုက်နာခြင်း၊ ခံစားခြင်းရှိစေရမည်။

၁၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ -

(က) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၂၀၀ တိတိ။

၁၃။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချပါက ရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်ရမည် -

| **စဉ်** | **ကုန်စည်အမျိုးအစား** | **အခွန် ရာခိုင်နှုန်း** |
|---|---|---|
| (က) | ရေနံစိမ်း။ | ၅ |
| (ခ) | သဘာဝဓာတ်ငွေ့။ | ၈ |
| (ဂ) | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |
| (ဃ) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၅ |
| (င) | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | ၅ |
| (စ) | လျှပ်စစ်ဓာတ်အား။ | ၈ |

၁၅။ ဤဥပဒေပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၆။ အထက်ပုဒ်မ ၁၄ ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ ကုန်စည်တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့် စပ်လျဉ်း၍ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ်၊ ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ထက် လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ယူဆောင်သွားသည့် ကုန်စည်များနှင့်မသက်ဆိုင်စေရ။

၁၇။ စွမ်းအင်ဝန်ကြီးဌာနမှ ဂျက်လေယာဉ်ဆီများ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ရောင်းချခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းသာ ကျသင့်စေရမည်။

၁၈။ ဤဥပဒေ၏ အခန်း (၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ဝင်ငွေခွန်

၁၉။ (က) မည်သူ့ကိုမဆို လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန် စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ<br>ကျပ် | ထိ<br>ကျပ် | |
| (က) | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| (ခ) | ၂,၀၀၀,၀၀၁ | ၅,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| (ဂ) | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| (ဃ) | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| (င) | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| (စ) | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ ရာခိုင်နှုန်း |

(ခ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အဦငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှရရှိသော စုစုပေါင်းငှားရမ်းခရငွေအပေါ် ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်သီးခြား စည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့် ပူးပေါင်း၍ ထပ်မံစည်းကြပ်ခြင်း မပြုရ။

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်း ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေ နိုင်ငံခြားသား၏ လစာခေါင်းစဉ်မှအပဖြစ်သည့် ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လစာခေါင်းစဉ်မှ ဝင်ငွေဖြစ်ပါက စုစုပေါင်းဝင်ငွေအပေါ် ဤဥပဒေပုဒ်မ ၁၉ ပါ ဝင်ငွေခွန်နှုန်းဖြင့် လည်းကောင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းလုပ်ငန်း၏ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ အပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က အရ သက်သာခွင့်များ မနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆိုအခြေပစ္စည်း တစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံ တိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေ ရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါအခွန် နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ -

| စဉ် | ဝင်ငွေ (ကျပ်) | | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|---|
| (က) | ၁ | - | ၁၀၀,၀၀၀,၀၀၀ | ၃ % |
| (ခ) | ၁၀၀,၀၀၀,၀၀၁ | - | ၅၀၀,၀၀၀,၀၀၀ | ၅ % |
| (ဂ) | ၅၀၀,၀၀၀,၀၀၁ | - | ၁၀၀၀,၀၀၀,၀၀၀ | ၁၀ % |
| (ဃ) | ၁၀၀၀,၀၀၀,၀၀၁ | - | ၁၅၀၀,၀၀၀,၀၀၀ | ၂၀ % |
| (င) | ၁၅၀၀,၀၀၀,၀၀၁ | နှင့်အထက် | | ၃၀ % |

၂၅။ သမဝါယမ အသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းမှအပ ဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာ ခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၆။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က အရ သက်သာခွင့်များ မနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်းရရှိသည့်ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

| **မြတ်စွန်းငွေ** | **ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း** |
|---|---|
| (၁) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၀) အထိ | ၄၀ % |
| (၂) ညီမျှကျပ်သန်းပေါင်း (၁၀၀,၀၀၁) မှ (၁၅၀,၀၀၀) အထိ | ၄၅ % |
| (၃) ညီမျှကျပ်သန်းပေါင်း (၁၅၀,၀၀၁) နှင့်အထက် | ၅၀ % |

(ခ) တစ်ဦးချင်း ပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ကျသင့်အခွန်ကိုရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၂၉။ အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့်အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်းသုံးနှစ်အတွင်း ဝင်ငွေကျပ်သိန်း ၁၀၀ ထိဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက်ပိုမိုရရှိပါက ပိုမိုရရှိသည့် ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေ စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၃၁။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တွင် အတူနေ မိဘအတွက် ခွင့်ပြုငွေကို ဖြည့်စွက်လျက် အောက်ပါသက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါ တစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းကြပ်ရမည် -

(က) အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၃၂။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေ နိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေ နိုင်ငံခြားသားဖြစ်ပါက ရရှိသည့် ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၃။ အောက်ဖော်ပြပါ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည် -

(က) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ခ) တရားမဝင်ပစ္စည်းများဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ ဝင်ငွေနှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်း ရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၏ ကျပ်သိန်း ၁၀၀ အထိ၊

(ဂ) နိုင်ငံတော်မှ ချီးမြှင့်သောဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(ဃ) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့် ရရှိသော လစာခေါင်းစဉ်မှဝင်ငွေ၊

(င) နိုင်ငံ့ဝန်ထမ်း အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်နှင့် ကရုဏာကြေး၊

(စ) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ။

၃၄။ ဤဥပဒေ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့် နှုန်းထားများ

၃၅။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထား များ၊ ကင်းလွတ်ခွင့်၊ သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက် လိုင်စင်ခများ၊

(ဂ) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊

(ဃ) သယ်ယူပို့ဆောင်ရေးအခွန်၊

(င) တံဆိပ်ခေါင်းခွန်၊

(စ) အကောက်ခွန်၊

(ဆ) မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဇ) ရေခွန်၊

(ဈ) တာတမံခွန်၊

(ည) သစ်တောများမှပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဋ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဌ) အင်းအိုင်ခွန်၊

(ဍ) ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊

(ဎ) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အကောက်၊

(ထ) လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည် -

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင် ဤဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၄ တို့ပါ အခွန်နှုန်းများအတိုင်း ကုန်သွယ်လုပ်ငန်းခွန်ထမ်းဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ဂ) ဝင်ငွေနှစ်အတွင်း ရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

## အခန်း (၈)

## အထွေထွေ

၃၇။ ပြည်ထောင်စုအစိုးရသည် လိုအပ်ပါက အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်။

၃၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့် ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးနှင့် အာဆီယံကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန်ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ အခွန်ပေးဆောင်လာစေရေးအတွက် ပြည်သူများသို့ အခွန်ပညာပေးခြင်း၊ စည်းရုံးခြင်း၊ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့် ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဇယား (၁)**

## ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

**(ကျပ်သန်းပေါင်း)**

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၅-၂၀၁၆ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂၅၇၉၉၉၃· ၁၄၉** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၁၇· ၇၉၄ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂၃၂၄၅၆၅· ၃၅၅ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၆၅၀၀· ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု၊ | ၃၀၀၀၀· ၀၀၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သယ်ယူပို့ဆောင်ရေးအခွန်၊ | ၁၈၅၃၀၀· ၀၀၀ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၂၇၁၀· ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၂၁၃၅၄၃၄· ၆၄၅** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂၁၃၅၄၃၄· ၆၄၅ |
| ၃ | | | **အကောက်ခွန်** | **၃၇၅၀၀၀· ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၃၇၅၀၀၀· ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၈၅၇၉၄၇· ၃၅၈** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀· ၈၇၃ |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ရေခွန်၊ | ၁၀၁· ၀၂၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀· ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၁၂၇၂· ၉၃၇ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅· ၁၅၀ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အင်းအိုင်ခွန်၊ | ၁၁၀၃· ၈၀၀ |
| | ၇ | ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန | ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀· ၅၀၀ |
| | ၈ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၃၀၆၃၁၁· ၀၅၀ |
| | ၉ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၉၃၉၀· ၀၀၀ |
| | ၁၀ | ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အကောက်၊ | ၅၂၉၈၈၀· ၀၀၀ |
| | ၁၁ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်၊ | ၉၈၈၂· ၀၀၀ |
| | | | **စုစုပေါင်း** | **၅၉၄၈၃၇၅· ၁၅၂** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက် )

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြု လက်မှတ်ရေးထိုးသော **ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁ တွင် -

(က) "သတ်မှတ်ရာခိုင်နှုန်းအတိုင်း" ဆိုသည့်စကားရပ်အစား "သတ်မှတ်ရာခိုင်နှုန်း သို့မဟုတ် သတ်မှတ်ငွေပမာဏအတိုင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာသို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်းပေးဆောင်စေရမည့် အပြင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ပေးဆောင်စေရမည် -

(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်နှစ်သိန်း၊

(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊

(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင်ကျပ်တစ်ဆယ်သိန်း။"

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) နောက်တွင် ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သောအကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။"

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၄ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၄။ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအားထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် အထောက်အထားဖြင့် သတင်းပေးတင်ပြသူအား ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) အရ ကျသင့်အခွန်၏ တစ်ရာ ရာခိုင်နှုန်းဖြစ်သော ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းအပြင် အကြိမ်အလိုက် ပျက်ကွက်ခြင်း အတွက် ဒဏ်တပ်ရိုက်သည့် ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

### အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

### ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ပြင်ဆင်သတ်မှတ်ခြင်း

ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၁၁၈ ပုဒ်မခွဲ (က)၊ (ခ) နှင့် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ-၃၂ နှင့် ပုဒ်မ-၃၃ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်သူ့လွှတ်တော်၏ ၉-၁၁-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၂ဖြင့် ထုတ်ပြန်ခဲ့သည့် **ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ပြင်ဆင်ဖွဲ့စည်းခြင်း**၏ အပိုဒ် ၉ ပါ ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများကို အောက်ပါ အတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

"၉။ ကော်မရှင်အဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ် ၆၀၀၀၀၀/-၊ တာဝန်အရ ခရီးသွားလာရခြင်း အတွက် အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ် ၅၀၀၀/- နှင့် အခြားအသုံးစရိတ် ကျပ် ၅၀၀၀/-၊ တာဝန်အရ ခရီးသွားလာရခြင်းအတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၁၀၀၀၀/- ခံစားခွင့်ရှိသည်။ ထို့အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။"

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက် )

**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ သက်တမ်းတိုးမြှင့်သတ်မှတ်ခြင်း**

၁။ ပြည်သူ့လွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄၁/၂၀၁၄ ဖြင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ သက်တမ်းကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၁၁၈ ပုဒ်မခွဲ (က)၊ (ခ) နှင့် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ-၃၂ နှင့် ပုဒ်မ -၃၃ ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ ဆုံးဖြတ်ချက်အရလည်းကောင်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်၏ နောက်တစ်နေ့ဖြစ်သော ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှစ၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်လိုက်သည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၅)**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် )

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီဥပဒေကြမ်းကိုထုတ်ပြန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က အမျိုးသားလွှတ်တော်သို့ တင်သွင်းသော **"မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီဥပဒေကြမ်း"** ကို အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၂ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေ (မူကြမ်း)**

**( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကော်မတီ**ဆိုသည်မှာ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams (MNCOLD) ကိုခေါ်သည်။

(ခ) **တမံကြီးများ**ဆိုသည်မှာ အမြင့် ၁၀၀ ပေနှင့်အထက်ရှိသော မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံများကို ဆိုသည်။

(ဂ) **နိုင်ငံတကာတမံကြီးများ**ဆိုသည်မှာ International Commission on Large Dams (ICOLD) အဖွဲ့ဝင်နိုင်ငံများတွင်ရှိသော တမံကြီးများကို ဆိုသည်။

(ဃ) **ဒေသတွင်းအဖွဲ့ခွဲများ**ဆိုသည်မှာ အနည်းဆုံး တရားဝင်အဖွဲ့ဝင် (၁၅) ဦးရှိသောဒေသများတွင် ဖွဲ့စည်းထားသည့် အဖွဲ့ခွဲများကို ဆိုသည်။

(င) **နည်းပညာဆိုင်ရာအဖွဲ့ခွဲများ**ဆိုသည်မှာ ICOLD ၏ နည်းပညာဆိုင်ရာအဖွဲ့ခွဲများအား အခြေခံ၍ ဘာသာရပ်အလိုက် စုစည်းကာလိုအပ်ချက်နှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့ခွဲများကိုဆိုသည်။

(စ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးထားသည့် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဆ) **ဥက္ကဋ္ဌ**ဆိုသည်မှာ ဗဟိုကော်မတီဝင်များက ရွေးချယ်တာဝန်ပေးအပ်သော အလုပ်အမှုဆောင်ကော်မတီ၏ဥက္ကဋ္ဌကို ဆိုသည်။

(ဇ) **အတွင်းရေးမှူးများအဖွဲ့**ဆိုသည်မှာ သတင်းအချက်အလက်များ ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံးလုပ်ငန်းကို ဦးစီးဆောင်ရွက်သော အမြဲတမ်းအဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## ဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံမူများနှင့် ရည်ရွယ်ချက်များ

၃။ ကော်မတီ၏ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (MNCOLD) သည်တမံကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည့် လုပ်ငန်းနယ်ပယ်များတွင် စိတ်ပါဝင်စား၍ တက်ကြွစွာပါဝင်ဆောင်ရွက်လိုသော လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့အစည်းများစသည်တို့ကို စုစည်းထားသော ပညာရပ်ဆိုင်ရာအဖွဲ့အစည်း (Professional Organization) ဖြစ်သည်။

(ခ) ကော်မတီဝင်ဖြစ်သော လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများဟုဆိုရာတွင် တမံကြီးများတည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လေ့လာခြင်း၊ စီမံခြင်း၊ စူးစမ်းခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးတမံကြီးများ ထိန်းသိမ်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် စက်ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း၊ တည်ဆောက်ရေးပစ္စည်းများထုတ်လုပ်ခြင်း၊ နည်းပညာအချက်အလက်များ ဖလှယ်ခြင်းနှင့် ပစ္စည်းကိရိယာများထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တမံကြီးများနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းစသည့် လုပ်ငန်းတစ်ခုခုတွင် ပါဝင်ဆောင်ရွက်နေသူများဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

၄။ ကော်မတီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီအဖွဲ့ဝင်များအနေဖြင့် တမံကြီးများ၏ လုပ်ငန်းဆိုင်ရာတာဝန်ဝတ္တရားများကို သိရှိနားလည်ပြီး ကော်မတီအဖွဲ့ဝင်များ၏ စိတ်အားထက်သန်မှုနှင့် ခံယူချက်ကို မြှင့်တင်ပေးရန်၊

(ခ) ကော်မတီအဖွဲ့ဝင်များအချင်းချင်း တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များနှင့်မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကိုဖလှယ်ပြီး အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာလုပ်ငန်းကို မြှင့်တင်ပေးရန်၊

(ဂ) တမံကြီးများဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးအကျိုးတရားများကို စိစစ်သုံးသပ်ရာတွင် အတိုင်ပင်ခံ ပညာရှင်များအဖြစ် ဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီးတမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ စွမ်းအင် မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်။

၅။ ကော်မတီအဖွဲ့ဝင်များသည် ကော်မတီ၏ရည်ရွယ်ချက်များကို ထိရောက်စွာအကောင်အထည် ဖော်ဆောင်နိုင်ရေးအတွက် ကော်မတီ၏လုပ်ငန်းရပ်များကို အခကြေးငွေရယူခြင်းမရှိဘဲ အစဉ်တစိုက်ပါဝင် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၆။ ကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ နိုင်ငံတွင်း၊ ဒေသတွင်းအပါအဝင် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာကော်မရှင်များနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်မည်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းတည်ထောင်ခြင်း

၇။ တာဝန်ခံဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့ကို တမံကြီးများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သော ဝါရင့်ပညာရှင်များပါဝင်သည့် ခုနစ်ဦးထက်မပိုသော နာယကအဖွဲ့အား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၈။ ကော်မတီ၏ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီကို အဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကို အဖွဲ့ဝင်များမှ သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ထားသည့် ကော်မတီဝင် ဦးရေ (၄၅) ဦးထက်မပိုသော ဦးရေဖြင့် ဖွဲ့စည်းရမည်။

(ဂ) ဗဟိုကော်မတီဝင်များသည် မိမိတို့ကော်မတီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အလုပ်အမှု ဆောင်ကော်မတီကို စုစုပေါင်း အဖွဲ့ဝင် (၁၅) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | |
|---|---|
| ဥက္ကဋ္ဌ | (၁) ဦး |
| ဒုတိယဥက္ကဋ္ဌ | (၂) ဦး |
| အတွင်းရေးမှူး | (၁) ဦး |
| တွဲဖက်အတွင်းရေးမှူး | (၂) ဦး |
| ဘဏ္ဍာရေးမှူး | (၁) ဦး |
| စာရင်းစစ် | (၁) ဦး |
| အလုပ်အမှုဆောင်အဖွဲ့ဝင် | (၇) ဦး |

၉။ နာယကအဖွဲ့သည် ကော်မတီ၏ ဦးဆောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီနှင့် ဗဟိုကော်မတီတို့ကို လိုအပ်သောလမ်းညွှန်မှုများ ပြုလုပ်ဆောင်ရွက်ခွင့်ရှိသည်။

၁၀။ ဗဟိုကော်မတီသည် ကော်မတီ၏ အမြင့်ဆုံးဦးဆောင်အဖွဲ့အစည်းဖြစ်ပြီး၊ နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသည့် အထွေထွေညီလာခံအစည်းအဝေးတွင် ဖွဲ့စည်းရမည်။ ဗဟိုကော်မတီသည် အောက်ပါ လုပ်ငန်းများအပေါ် တာဝန်ခံရမည် -

(က) အထွေထွေညီလာခံအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့် အညီ အကောင်အထည်ဖော်ခြင်း။

(ခ) လုပ်ငန်းအစီအစဉ်၊ ရသုံးမှန်းခြေငွေစာရင်း၊ ကော်မတီ၏ဖွဲ့စည်းပုံတို့ကို အဆုံးအဖြတ်ပြုခြင်း။

(ဂ) အလုပ်အမှုဆောင်ကော်မတီဝင် (၁၅) ဦးကို ရွေးချယ်ခြင်း။

၁၁။ ကော်မတီ၏ရုံးချုပ်ကို ရန်ကုန်မြို့တွင်ထားရှိ၍ နိုင်ငံတစ်ဝန်းလုံးတွင် လုပ်ငန်းများဆောင်ရွက်သွားမည်။ ကော်မတီရုံးမှ ထုတ်ပြန်ဖြန့်ဝေသည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ ဖြန့်ဝေစာများနှင့် မဂ္ဂဇင်းများသည် ကော်မတီ၏ တရားဝင်ထုတ်ပြန်ချက်ဟု မှတ်ယူရမည်။ ကော်မတီသည် မိမိ၏ ကိုယ်ပိုင်အမှတ်တံဆိပ် (Logo)၊ တံဆိပ်တုံး (Stamp) တို့ကို သုံးစွဲခွင့်ရှိပြီး၊ ပုံသေပိုင်ပစ္စည်းများ၊ ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေ ဘဏ်စာရင်းများ ထူထောင်ထားရှိနိုင်သည်။

၁၂။ ကော်မတီကို အမြတ်အစွန်းအတွက်မဟုတ်သော၊ လွတ်လပ်သော ကိုယ်ပိုင်ရပ်တည်နိုင်သော အခြေခံမူများနှင့်အညီ တည်ထောင်သည်။ ကော်မတီနှင့် ကော်မတီက ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၄)
## အဖွဲ့ခွဲများ ဖွဲ့စည်းထားရှိခြင်း

၁၃။ အလုပ်အမှုဆောင်ကော်မတီသည် အောက်ပါအဖွဲ့ခွဲများကို ဖွဲ့စည်းပေးရမည် -

(က) ဒေသတွင်းအဖွဲ့ခွဲများ (Regional Sub-Committee)

(ခ) နည်းပညာဆိုင်ရာအဖွဲ့ခွဲများ (Technical Sub-Committee)

၁၄။ ဒေသတွင်းအဖွဲ့ခွဲများကို အနည်းဆုံးတရားဝင် အဖွဲ့ဝင် (၁၅) ဦးရှိသော ဒေသများတွင်ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲ၏အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ်ကျင်းပပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) အဖွဲ့ခွဲ၏ ဆောင်ရွက်မည့်လုပ်ငန်းများသတ်မှတ်ခြင်းနှင့် လုပ်ငန်းအစီရင်ခံစာကို ဆွေးနွေးအတည်ပြုခြင်း၊

(ခ) ကော်မတီ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်းနှင့် ဗဟိုကော်မတီသို့ အစီရင်ခံစာတင်သွင်းခြင်း၊

(ဂ) အထွေထွေညီလာခံအစည်းအဝေးတွင်ပါဝင်ရန် ကိုယ်စားလှယ်များ သတ်မှတ်ရွေးချယ်ခြင်းနှင့် အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တာဝန်ပေးအပ်ခြင်း၊

(ဃ) အဖွဲ့ခွဲအမှုဆောင်အဖွဲ့ဝင်အရေအတွက်ကို သတ်မှတ်ဆုံးဖြတ်ခြင်း။

၁၅။ နည်းပညာဆိုင်ရာအဖွဲ့ခွဲများကို International Commission on Large Dams (ICOLD) ၏ နည်းပညာဆိုင်ရာအဖွဲ့ခွဲများ (Technical Committees) အား အခြေခံ၍ ဘာသာရပ်အလိုက်စုစည်းကာ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲများသည် မိမိတို့ဆက်စပ်ရာဘာသာရပ်အလိုက် အဖွဲ့ခွဲဝင်များကို စုစည်း၍ မိမိတို့အဖွဲ့ခွဲအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများသတ်မှတ်ခြင်း၊ အစည်းအဝေးကျင်းပခြင်း၊ ဆောင်ရွက်ချက်၊ ဆွေးနွေးချက်များကို ဗဟိုကော်မတီသို့တင်ပြခြင်းတို့ကို ဒေသတွင်းအဖွဲ့ခွဲများနည်းတူ ဆောင်ရွက်ရမည်။

၁၆။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီလုပ်ငန်းများကို အထောက်အကူပြုရန် လိုအပ်သော အထူးအဖွဲ့များ၊ စီးပွားရေးအဖွဲ့အစည်းများကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းနိုင်သည်။

## အခန်း (၅)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တမံကြီးများတည်ဆောက်၍ သက်ရှိသတ္တဝါများနှင့်လူသားတို့အကျိုးစီးပွားရေးအလို့ငှာ အသုံးချရာတွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ ဘေးကင်းလုံခြုံစိတ်ချစေရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ

စွမ်းဆောင်ရည်မြင့်မားရေးအတွက် အဖွဲ့ဝင်များ၏ အသိအမြင်များကို မြှင့်တင်ပေးခြင်း၊ ဖန်တီးနိုင်စွမ်းနှင့် စိတ်အားထက်သန်မှုတို့ကို တိုက်တွန်းအားပေးခြင်း၊

(ခ) မြန်မာနိုင်ငံတွင် အရည်အသွေးမြင့်မားသော တမံကြီးများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပါဝင်ကြသော လုပ်သားအင်အားစုများကို လေ့ကျင့်ပညာပေးခြင်းနှင့်လုပ်ငန်းစွမ်းရည်အဆင့် တိုးတက်မြင့်မားစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ တိုက်တွန်းအားပေးခြင်း၊

(ဂ) တမံကြီးများ၏ဖွံ့ဖြိုးမှုနှင့်ဆက်နွှယ်သော သိပ္ပံနှင့်နည်းပညာဘာသာရပ်ဆိုင်ရာ အသိပညာဗဟုသုတများ အသိပေးဖြန့်ဖြူးခြင်း၊

(ဃ) လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များ၊ ပညာရပ်ပိုင်းဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများနှင့်အညီ တမံကြီးများကို လေ့လာစိစစ်ခြင်း၊ တည်ဆောက်ခြင်း၊ နည်းဗျူဟာများချမှတ်ခြင်း၊ ဆက်စပ်စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်းတို့ဆောင်ရွက်ရာတွင် လိုအပ်သည့် အထောက်အပံ့များပေးခြင်း၊ တမံကြီးများဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသည့်ဌာန၊ အဖွဲ့အစည်းအသီးသီးသို့ သဘောထားမှတ်ချက်များဖြန့်ဝေပေးခြင်း၊ ကော်မတီ၏ လေ့လာသုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းတိုင်ပင်အကြံပြုဆောင်ရွက်ခြင်း၊

(င) ကော်မတီသည် မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ်များ ထုတ်နုတ်အသုံးချမှုဆိုင်ရာအခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစည်းညှိနှိုင်း၍ တမံကြီးများကို တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတူတကွ ပူးပေါင်းတာဝန်ယူဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် International Commission on Large Dams (ICOLD)၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီအဖွဲ့ဝင်ဖြစ်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ပညာရပ်ပိုင်းကျွမ်းကျင်မှုဆိုင်ရာ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ ကာကွယ်ပေးခြင်း။

၁၈။ ကော်မတီသည် မိမိ၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါလုပ်ပိုင်ခွင့်များကို အသုံးပြုဆောင်ရွက်ခွင့်ရှိသည် -

(က) ညီလာခံများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးနှီးနှောဖလှယ်ပွဲများခေါ်ယူကျင်းပခြင်း၊

(ခ) မိမိ၏ လက်အောက်ခံအဖွဲ့အစည်းများကို ဖွဲ့စည်းထူထောင်ခြင်း၊

(ဂ) တမံကြီးများဖွံ့ဖြိုးတိုးတက်မှုအတွက် အတွေ့အကြုံများဖလှယ်ဖြန့်ဝေခြင်း၊ လေ့ကျင့်မှု၊ ပို့ချမှုများပြုလုပ်ခြင်း၊ သုတေသနတွေ့ရှိချက်များကို တင်ပြခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊

(ဃ) ညီလာခံ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာတမံကြီးများနှင့်ဆိုင်သော လုပ်ငန်းအုပ်စုများတွင် မိမိ၏အဖွဲ့ဝင်များကို တည်ဆဲဥပဒေများနှင့်အညီ ပါဝင်ဆောင်ရွက်ရန် တာဝန်သတ်မှတ်ပေးခြင်း၊

(င) ကော်မတီဝင်များနှင့် တမံကြီးများ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများကို လုပ်ငန်းဆိုင်ရာ သင်တန်းများ ပို့ချခြင်း၊

(စ) နိုင်ငံတော်မှ တမံကြီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများချမှတ်ဆောင်ရွက်ရာတွင် လိုအပ်သည့်ရှင်းလင်းချက်နှင့် သဘောထားမှတ်ချက်တို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှတစ်ဆင့် တင်ပြခြင်းဖြင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဆ) နိုင်ငံတော်အတွင်း တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး တမံကြီးစီမံကိန်းများကို ကော်မတီ၏ တာဝန်အရလည်းကောင်း၊ အထူးလိုအပ်ချက်အခြေအနေအရလည်းကောင်း အတိုင်ပင်ခံအဖြစ်ဆောင်ရွက်ခြင်း၊ ဆန်းစစ်ဝေဖန်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ နည်းပညာဆိုင်ရာ ကြီးကြပ်အကြံပြုခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဈ) တမံကြီးများ ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့ကိုဆောင်ရွက်ရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ည) တမံကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ အကြံပေးခြင်း၊ သတင်းပေးခြင်း စသည်တို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ တမံကြီးများဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများဖြစ်သည့် ဒီဇိုင်းပုံထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း၊ အဆင့်မြင့်နည်းပညာများသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းစသည်တို့အတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) သုတေသနဖော်ထုတ်ချက်များ၊ လေ့လာပြီးလုပ်ငန်းများ၊ သုတေသနတွေ့ရှိချက်များကို ထုတ်ဝေခြင်း၊ ကြေညာခြင်းနှင့်လုပ်ငန်းဆိုင်ရာ အသိပညာများကို ဖြန့်ဖြူးပေးခြင်း။

(ဌ) ရရှိသော ငွေကြေးအရင်းအမြစ်များကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီသုံးစွဲခြင်း၊

(ဍ) ကော်မတီဝင်များအတွက် ပညာရပ်ပိုင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ စိစစ်ရေးကတ်ပြားများ ထုတ်ဝေပေးခြင်း၊

(ဎ) ကော်မတီဝင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အရည်အသွေးနှင့် စည်းကမ်းလိုက်နာမှု ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်ခြင်း။

## အခန်း (၆)
## အဖွဲ့ဝင်များ၏ တာဝန်၊ ရပိုင်ခွင့်များနှင့် အခွင့်အရေးများ

၁၉။ အဖွဲ့ဝင်များ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း၊ ကော်မတီ၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မိမိ၏စွမ်းဆောင်ရည်အလိုက် ကော်မတီလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ အထွေထွေလုပ်ငန်းများတွင် ပါဝင်ခြင်းနှင့်ကော်မတီသို့ သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်းခြင်း၊

(ခ) မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်တိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့်လုပ်ငန်း ဆိုင်ရာအရည်အသွေးကို ထိန်းသိမ်းခြင်း၊

(ဂ) ကော်မတီ၏ အကျိုးစီးပွားကို ကာကွယ်ခြင်း၊ ကော်မတီ၏ဆောင်ရွက်ချက်များကို အများပြည်သူ သဘောပေါက်နားလည်စေရန် ရှင်းလင်းဖြန့်ဝေခြင်း၊ အဖွဲ့ဝင်သစ်များတိုးပွားစေရန်စည်းရုံးခြင်း။

၂၀။ အဖွဲ့ဝင်များ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီ၏ ဆောင်ရွက်မှုများ၊ ဆွေးနွေးမှုများ၊ မဲပေးရွေးချယ်မှုနှင့် ဖွဲ့စည်းတာဝန်ပေးမှုတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ခ) တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များရရှိနိုင်ခြင်းနှင့် တမံကြီးများဖွံ့ဖြိုးမှုဆိုင်ရာ ပညာရပ်ပိုင်းအဆင့်အတန်းတိုးတက်စေရန် ကော်မတီ၏ အကူအညီများရယူခွင့်ရှိခြင်း၊

(ဂ) အဆိုပြုချက်များ၊ တီထွင်မှုများ၊ သုတေသနပြုချက်များအတွက် ကော်မတီ၏ ကူညီထောက်ပံ့မှုများ ရယူခွင့်ရှိခြင်း၊

(ဃ) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများအတွက် ကော်မတီ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အကာအကွယ်ပေးမှုကို ရယူခွင့်ရှိခြင်း၊

(င) ပညာရပ်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် တမံကြီးများဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် ကော်မတီ၏ အသိအမှတ်ပြုထောက်ခံချက် ရယူဆောင်ရွက်ခွင့်ရှိခြင်း။

၂၁။ မြန်မာနိုင်ငံ၏ တမံကြီးများနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို သဘောတူပြီး

ကော်မတီနှင့်ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလာလျှင် ကော်မတီ၏အဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။ ကော်မတီအဖွဲ့ဝင် အမျိုးအစားများနှင့် ပါဝင်ဆောင်ရွက်ခွင့်တို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစုအဖွဲ့ဝင်များ (Collective Members) ဆိုရာတွင် ဆန်းစစ်လေ့လာမှုအဖွဲ့များ၊ စီးပွားရေးဆိုင်ရာ အစုအဖွဲ့များ၊ လေ့ကျင့်ရေး၊ တည်ဆောက်ရေး၊ ပစ္စည်းကိရိယာထုတ်လုပ်ရေး၊ စီမံခန့်ခွဲမှုစသည့် လုပ်ငန်းများနှင့် ဆက်စပ်သည့်အဖွဲ့များ စသည်တို့ ပါဝင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးချင်း အဖွဲ့ဝင်များ (Individual Members) ဆိုရာတွင် မန်နေဂျာများ၊ ပညာရှင်များ၊ နည်းပညာပါရဂူများ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးဆောင်ရွက်သူများနှင့် တမံကြီးများဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ စသည်တို့ပါဝင်သည်။

(ဂ) အခြားကော်မတီတစ်ခုခု၏ အစုအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များသည်ကော်မတီသို့ ပူးပေါင်းရန် စာဖြင့်ဆက်သွယ်ပြီး ကော်မတီ၏ဖွဲ့စည်းပုံစည်းမျဉ်းများကိုလက်ခံလျှင် ကော်မတီအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခံနိုင်ခွင့်ရှိသည်။

(ဃ) ကော်မတီအဖွဲ့ဝင်အမျိုးအစားများနှင့် ယင်းတို့၏ ပါဝင်ဆောင်ရွက်ခွင့်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) **တရားဝင်အဖွဲ့ဝင်များ** (Official Members) ဆိုသည်မှာ ကော်မတီလုပ်ငန်းများနှင့်ဆုံးဖြတ်ချက်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်ရန်အခြေအနေရှိသော ပြည်တွင်းအဖွဲ့ဝင်များကို ဆိုသည်။

(၂) **တွဲဖက်အဖွဲ့ဝင်များ** (Associated Members) ဆိုသည်မှာ ကော်မတီတွင် ပူးပေါင်းပါဝင်ရန် ဆန္ဒရှိသော်လည်း ကော်မတီလုပ်ငန်းများတွင် အပြည့်အဝဆောင်ရွက်ရန် အခြေအနေ မရှိသောသူများကို ဆိုသည်။

(၃) **ဂုဏ်ထူးဆောင်အဖွဲ့ဝင်များ** (Honorary Members) ဆိုသည်မှာ တမံကြီးများဆိုင်ရာ မြင့်မားသော လုပ်ငန်းစွမ်းဆောင်ရည်၊ ပညာအရည်အချင်းနှင့် အတွေ့အကြုံရှိသူများဖြစ်ကြသော်လည်း ကော်မတီ၏လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင်ဆောင်ရွက်ရန် အခြေအနေမပေးသည့်အတွက် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုထားသူများကို ဆိုသည်။

(၄) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များသည် ဗဟိုကော်မတီ၊ အလုပ်အမှုဆောင်ကော်မတီတို့တွင် ရွေးချယ်ခံခွင့်၊ မဲပေးခွင့်နှင့်ကော်မတီ၏ ကန့်သတ်ထားသည့်ကိစ္စရပ်များကို မဲပေးဆောင်ရွက်ခွင့် မရှိစေရ။

## အခန်း (၇)
## အထွေထွေညီလာခံနှင့် အစည်းအဝေးများ ကျင်းပခြင်း

၂၂။ အထွေထွေညီလာခံအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ဗဟိုကော်မတီက ခေါ်ယူကျင်းပရမည်။ အထူးညီလာခံကို ဗဟိုကော်မတီဝင် သုံးပုံနှစ်ပုံနှင့်အထက် သို့မဟုတ် တရားဝင်အသိအမှတ်ပြုအဖွဲ့ဝင် စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့်အထက်က တောင်းဆိုလျှင် အလုပ်အမှုဆောင်ကော်မတီက ခေါ်ယူပေးရမည်။ ညီလာခံသည် ပြီးခဲ့သည့်သက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့်အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေး၊ ဆုံးဖြတ်၊ မှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံစည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ဗဟိုကော်မတီရုံးအတွက် ဝန်ထမ်းများကို ခန့်ထားရန် ဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေးအတည်ပြုဆောင်ရွက်ခွင့်ရှိသည်။

၂၃။ ဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးများကို လေးလလျှင်တစ်ကြိမ် ကျင်းပရမည်။ အလုပ်အမှုဆောင်ကော်မတီသည် လိုအပ်ပါက ဗဟိုကော်မတီ အထူးအစည်းအဝေးကို ခေါ်ယူနိုင်သည်။

၂၄။ အလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီ၏ အမြဲတမ်းဦးဆောင်အဖွဲ့အစည်းဖြစ်ပြီး ညီလာခံနှင့် ဗဟိုကော်မတီတို့၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို နှစ်လလျှင်တစ်ကြိမ် ကျင်းပပြီး ဥက္ကဋ္ဌကသော်လည်းကောင်း၊ အလုပ်အမှုဆောင်ကော်မတီဝင်ဦးရေထက်ဝက်ကျော်က အဆိုပြုလျှင်သော်လည်းကောင်း အထူးအစည်းအဝေးခေါ်ယူနိုင်သည်။

## အခန်း (၈)

## နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်း

၂၅။ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်းတို့ကို အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် -

(က) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုသည် ကော်မတီမှ နုတ်ထွက်လိုလျှင် အလုပ်အမှုဆောင်ကော်မတီသို့ စာဖြင့် တင်ပြရမည်။

(ခ) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုတွင် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းစစ်ဆေးတွေ့ရှိခဲ့လျှင် အလုပ်အမှုဆောင်ကော်မတီသည် အဆိုပါအဖွဲ့ဝင်အား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည် -

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ကော်မတီတွင် ပါဝင်ဆောင်ရွက်မှုကို ဥပဒေနှင့် အညီ တားမြစ်ခြင်း၊

(၂) ကော်မတီ၏ဖွဲ့စည်းပုံစည်းမျဉ်းကို ချိုးဖောက်ခြင်း၊

(၃) တည်ဆဲတရားဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(၄) ဒေဝါလီစာရင်းကြေညာခြင်းခံရခြင်း၊

(၅) ရှုံးသွပ်ခြင်း သို့မဟုတ် သေဆုံးခြင်း။

## အခန်း (၉)

## ရန်ပုံငွေရှာဖွေခြင်းနှင့် သုံးစွဲခြင်း

၂၆။ ကော်မတီ၏ ရန်ပုံငွေကို ကော်မတီ၏အသင်းဝင်ကြေးများ၊ အဖွဲ့ဝင်များနှင့် အစုအဖွဲ့ဝင်များ၏ ထောက်ပံ့ကြေးများ၊ ကော်မတီက ဖွဲ့စည်းထူထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများနှင့် အခြားတရားဝင်ရငွေများဖြင့် ထူထောင် ထားရှိရမည်။

၂၇။ ကော်မတီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက တာဝန်ခံဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၂၈။ အတွင်းရေးမှူးများအဖွဲ့သည် ရန်ပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲခွင့်ရှိသည်။ ရန်ပုံငွေ သုံးစွဲမှုများကို အနီးဆုံးကျင်းပသော အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြ၍အတည်ပြုချက် ရယူရမည် -

(က) စီမံခန့်ခွဲမှုနှင့်သတင်းအချက်အလက်ရယူခြင်း၊ သင်တန်းပေးခြင်းစသည့်လုပ်ငန်းများအတွက်သုံးစွဲခြင်း။

(ခ) လစာ၊ ထောက်ပံ့ကြေး၊ အာမခံပေးသွင်းငွေ၊ ကော်မတီဝန်ထမ်းများ၏ ဝန်ထမ်းရေးရာကိစ္စများ အတွက် သုံးစွဲခြင်း။

(ဂ) ကော်မတီက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသော အဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်း။

(ဃ) အထွေထွေကုန်ကျစရိတ်များအတွက် သုံးစွဲခြင်း။

၂၉။ လုပ်ငန်းကော်မတီများသည် ဗဟိုကော်မတီက သတ်မှတ်အတည်ပြုထားသည့် ဘဏ္ဍာရေးနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှင့် ငွေစာရင်းကို စီမံခန့်ခွဲရမည်။ ကော်မတီကို ဖျက်သိမ်းလျှင် သို့မဟုတ် ဖျက်သိမ်းရန်ရှိလျှင် ၎င်း၏ပိုင်ဆိုင်ပစ္စည်းများနှင့် ဘဏ္ဍာရေးစာရင်းရှင်းတမ်းကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို အလုပ်အမှုဆောင်ကော်မတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦး ဦးဆောင်စေလျက် အဖွဲ့ဝင်သုံးဦးဖြင့် ဗဟိုကော်မတီက ရွေးချယ်ခန့်ထားရမည်။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ဗဟိုကော်မတီ၊ အဖွဲ့ခွဲများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်ခြင်းများသည် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို စစ်ဆေးခြင်း၊ ကော်မတီ၏ ရန်ပုံငွေသုံးစွဲမှုကို စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်များကို အထွေထွေညီလာခံ၊ဗဟိုကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး များသို့ တင်ပြရမည်။

## အခန်း (၁၀)
## ထူးချွန်ဆုချီးမြှင့်ခြင်း၊ အသိအမှတ်ပြုထောက်ခံခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

၃၁။ ကော်မတီသည် ကော်မတီ၏လုပ်ငန်းများနှင့် တမံကြီးများဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင် ထူးချွန်စွာ ဆောင်ရွက်သူ အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများကို ထူးချွန်ဆုများချီးမြှင့်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော် အသိအမှတ်ပြု အဖွဲ့အစည်းအဆင့် သတ်မှတ်ခံရရေးအတွက် အသိအမှတ်ပြုထောက်ခံပေးခြင်းကို သော်လည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၃၂။ ကော်မတီသည် ကော်မတီ၏ရပ်တည်မှု၊ ဂုဏ်သိက္ခာ၊ ကော်မတီ၏စည်းမျဉ်းများနှင့်ကိုက်ညီခြင်းမရှိသော မည်သည့်အဖွဲ့ဝင် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သတ်မှတ်ချက်များနှင့်အညီ စည်းကမ်းပိုင်းဆိုင်ရာ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

## အခန်း (၁၁)
## ဖွဲ့စည်းပုံကို ပြင်ဆင်၊ ဖြည့်စွက်၊ ကျင့်သုံးခြင်း

၃၃။ ဗဟိုကော်မတီသည် ကော်မတီ၏ဖွဲ့စည်းပုံကို အထွေထွေညီလာခံ၏အတည်ပြုချက်ဖြင့် ပြင်ဆင် ဖြည့်စွက်ခွင့်ရှိသည်။ ဤဖွဲ့စည်းပုံကို အထွေထွေညီလာခံ၏ အတည်ပြုချက်အရ ( ) ရက်နေ့မှ စတင်ကျင့်သုံးသည်။

## အခန်း (၁၂)
## အထွေထွေ

၃၄။ အတွင်းရေးမှူးများအဖွဲ့သည် သတင်းအချက်အလက်များ ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံး လုပ်ငန်းကို ဦးစီးဆောင်ရွက်သော အမြဲတမ်းအဖွဲ့အစည်း ဖြစ်သည်။ ဤအဖွဲ့တွင် **အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးများ** နှင့် အလုပ်အမှုဆောင်ကော်မတီက တာဝန်ပေးအပ်သောအဖွဲ့ဝင်များ ပါဝင်သည်။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီရုံး၏ ဝန်ထမ်းများကို သတ်မှတ်ချက်နှင့်အညီ ခန့်ထားရမည်။ ကော်မတီရုံးသည် အတွင်းရေးမှူးများအဖွဲ့၏ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်။

၃၅။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကော်မတီက ထိရောက်စွာအကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းထောက်ပံ့ကူညီပေးရမည်။

၃၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့်စရိတ်နှင့် ခံစားခွင့်များကို အောက်ပါအတိုင်းခံစားခွင့်ရှိသည် -

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့်ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် တာဝန်ခံဝန်ကြီး ဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်တို့ကို ခံစားခွင့်ရှိခြင်း၊

(ဂ) ကော်မတီနှင့် သက်ဆိုင်သော အစည်းအဝေးများတက်ရောက်ရပါက တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကော်မတီနှင့်ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် )

### အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်သတ်မှတ်ခြင်း

၁။ အမျိုးသားလွှတ်တော်သည် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့တွင် လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်တွင်ဖွဲ့စည်းထားရှိသည့် အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်ကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

| | | | |
|---|---|---|---|
| **(က)** | **လစဉ်ချီးမြှင့်ငွေ** | | **ကျပ်ခြောက်သိန်း၊** |
| **(ခ)** | **တည်းခိုနေထိုင်စရိတ်** | **တစ်ရက်လျှင်** | **ကျပ်ငါးထောင်၊** |
| **(ဂ)** | **အခြားအသုံးစရိတ်** | **တစ်ရက်လျှင်** | **ကျပ်ငါးထောင်** |
| **(ဃ)** | **စားသောက်စရိတ်** | **တစ်ရက်လျှင်** | **ကျပ်တစ်သောင်း။** |

၂။ အဆိုပါချီးမြှင့်ငွေနှင့် စရိတ်များကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ စတင်ခံစားရန်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် )

### ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည်။

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များကိုလည်းကောင်း လေးစားကြရမည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည်။

၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းရမည်။

၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ဘက်လိုက်မှုမရှိစေရန် စောင့်ထိန်းကြရမည်။

၅။ နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းပြုရာရောက်သည့် အပြောအဆို၊ အပြုအမူမပြုရ။ ထိုသို့အဓိပ္ပာယ်သက်ရောက်စေမည့် အဝတ်အစား၊ သင်္ကေတ၊ အမှတ်တံဆိပ်စသည်တို့ကိုလည်း ဝတ်ဆင်ခြင်း၊ ကိုင်ဆောင်ခြင်း မပြုရ။

၆။ လျှို့ဝှက်မဲပေးစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံပရဝဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကို မဲပေးခဲ့ကြောင်း မေးမြန်းခြင်းမပြုရ။

၇။ ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားရမည်။

၈။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ တာဝန်ခံများနှင့် ကြီးကြပ်သူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အခါအားလျော်စွာပြုလုပ်သော ညွှန်ကြားချက်များနှင့် သတင်းအချက်အလက်များ ရှင်းလင်းတင်ပြသည့် အခမ်းအနားများသို့ တက်ရောက်ရန် တာဝန်ရှိသည်။

၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက ထုတ်ပေးထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်။

၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းများသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ သဘောထားအမြင်များကို ထုတ်ပြန်ရာတွင် ၎င်းတို့၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်များကသာ လုပ်ဆောင်ကြရမည်။

၁၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများသည် ၎င်းတို့၏ စောင့်ကြည့်လေ့လာရေး အဖွဲ့ဝင်များအား လိုက်နာရန်ကျင့်ဝတ်စည်းကမ်းများ၊ ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မသန်စွမ်းသူများလွယ်ကူ အဆင်ပြေစွာ၊ လျှို့ဝှက်လုံခြုံစွာ မဲပေးနိုင်ရေးများကို သိရှိနားလည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပို့ချပေးခြင်းများ ပြုလုပ်ပေးရန် တာဝန်ရှိသည်။

၁၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လက်နက်များ၊ ပေါက်ကွဲစေသောပစ္စည်းများ ယူဆောင်ခြင်းမပြုရ။

၁၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့် မဲဆန္ဒရှင်များ၏ တာဝန်နှင့်ရပိုင်ခွင့်ကို လွှမ်းမိုးသက်ရောက်စေသော လှုံ့ဆော်မှုများကို မပြုလုပ်ရ။

၁၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များထုတ်ပြန်ခြင်း တို့နှင့် စပ်လျဉ်း၍ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။

၁၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ယင်းတို့၏ တာဝန်ကို စေတနာပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

၁၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ၎င်းတို့၏ အစီရင်ခံစာများကို မှန်ကန်ရိုးသားစွာ တင်ပြရမည်။

၁၇။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် အခြားရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၈။ ရွေးကောက်ပွဲအငြင်းပွားမှုများတွင် တာဝန်ရှိသူများက အဆုံးအဖြတ်ပြုရန်ဆောင်ရွက်ရာ၌ ဝင်ရောက်စွက်ဖက်ခြင်းမပြုရ။

၁၉။ မဲရုံအတွင်းတွင် လျှို့ဝှက်မဲပေးစနစ်ကို မထိခိုက်စေရန်အတွက် မဲရုံမှူး၏တာဝန်အရဆောင်ရွက်ခြင်းကို လိုက်နာရမည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက် )

### နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၉၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များကို ထုတ်ပြန်လိုက်သည်။

### နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ ကျင့်ဝတ်များ

၁။ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူ မစ်ရှင်တစ်ခုခုမှ စောင့်ကြည့်လေ့လာသူအဖွဲ့ဝင်တိုင်းသည် ဤကျင့်ဝတ်ပါအချက်များကို ဖတ်ရှုပြီး နောက်ဆက်တွဲတွင်ဖော်ပြထားသော ပူးတွဲပါဝန်ခံချက်ကို လက်မှတ်ရေးထိုးရမည်။

၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကိုလည်းကောင်း လေးစားလိုက်နာကြရမည်။

၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများကို လေးစားလိုက်နာပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများ၏ အခွင့်အာဏာများကိုလည်း လေးစားလိုက်နာကြရမည်။

၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ရဲတပ်ဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလုံခြုံရေးတာဝန်ယူထားသူများအပါအဝင် အာဏာပိုင်များက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး ၎င်းပုဂ္ဂိုလ်များအား လေးစားစွာ ပြုမူဆက်ဆံရမည်။

၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း နိုင်ငံရေးဘက်လိုက်ခြင်းကင်းမှုကို တိကျစွာထိန်းသိမ်းရမည်။ နိုင်ငံတော်အာဏာပိုင်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်

လောင်းများအားလည်းကောင်း ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်သောပြဿနာများကိုလည်းကောင်း၊ ဘက်လိုက်ခြင်းနှင့် ဦးစားပေးသောအသွင်အပြင်များ ထုတ်ဖော်ပြသခြင်းမပြုရ။

၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်းပြုရာရောက်သည့် လှုပ်ရှားမှုများကို ဆောင်ရွက်ခြင်း၊ ယင်းလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမပြုရ။

၇။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မေးခွန်းများမေးမြန်းခွင့်မရှင်းလင်းသည့် အချက်များကို မေးမြန်းခွင့်ရှိသည်။ သို့သော် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလ များ၏ လုပ်ငန်းစဉ်များတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဟန့်အတား မဖြစ်စေရ။

၈။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးက တရားဝင် ထုတ်ပေးထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာနေစဉ်အတွင်း ချိတ်ဆွဲ ထားရမည်။ မဲရုံမှူးများ၊ မဲရုံတာဝန်ခံများနှင့် အခြားအာဏာပိုင်များကတောင်းခံလာပါက ပြသရမည်။

၉။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ၎င်းတို့၏ စောင့်ကြည့်လေ့လာချက်များကို ဘက်လိုက်မှု ကင်းခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်းနှင့် မှန်ကန်မှုအဆင့်မြင့်မားခြင်းရှိကြောင်း သေချာစေရမည်။

၁၀။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်းအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ယင်းတို့၏ ပုဂ္ဂလိကသဘောထားအမြင်များ၊ သုံးသပ်ချက်များကို မီဒီယာသို့တင်ပြခြင်းမပြုရ။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများ၊ အစုအဖွဲ့များသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပတ်သက် သည့် သဘောထားမှတ်ချက်များကို တာဝန်ခံပုဂ္ဂိုလ်များကသာ ထုတ်ပြန်ရန် သေချာစေရမည်။

၁၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် အဖွဲ့အစည်းများသည် ယင်းတို့၏ တွေ့ရှိချက်များ၊ နည်းလမ်း များ၊ အကြံပြုချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြရမည်။

၁၂။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသည့် လုပ်ငန်းစဉ်တစ်လျှောက် နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ များကို အလေးထားကြောင်းပြသခြင်းအပါအဝင် အခြားပုဂ္ဂိုလ်များအား အလေးထားဆက်ဆံခြင်းနှင့် စောင့်ကြည့်လေ့လာမှုကို ပညာရှင်ပီသစွာ ပြုမူဆောင်ရွက်ရမည်။

၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အသိမှတ်ပြုရန် တောင်းခံထားသော အဖွဲ့အစည်း အသီးသီးသည် ၎င်းတို့၏ အဖွဲ့ဝင်အသီးသီးအား လိုက်နာရန်ကျင့်ဝတ်အပါအဝင် ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပေးခြင်းများပြုလုပ်ပေးရန် တာဝန်ရှိသည်။

၁၄။ မြန်မာနိုင်ငံသို့ လာရောက်ရန်ရည်ရွယ်ထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံအစိုးရမှ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ အချိန်မီ ဗီဇာလျှောက်ထားရမည်။ ခွင့်ပြုသည့် ဗီဇာရက်သတ်မှတ်ချက်ထက်ကျော်လွန်၍ မြန်မာနိုင်ငံတွင် နေထိုင်ခြင်းမပြုရ။

၁၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် မြန်မာနိုင်ငံအတွင်းနေထိုင်စဉ် လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းများက ထုတ်ပြန်ထားသော အကြံပြုချက်များကို လိုက်နာရမည်။

၁၆။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ တစ်ဦးချင်းသည်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုခုသည် လည်းကောင်း ဤကျင့်ဝတ်ကိုဖောက်ဖျက်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအဖြစ် အသိအမှတ်ပြုခြင်းကို ရုပ်သိမ်းခွင့်ရှိသည်။ ဤသို့ ရုပ်သိမ်းခွင့်ကို အဆုံးအဖြတ် ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ ဆောင်ရွက်ခွင့်ရှိသည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့တွင် မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း၏ မေးခွန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ဖြေကြားချက်

### မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မွေးကင်းစကလေးသူငယ်များကို မွေးကင်းစကလေးမှတ်ပုံတင်ခြင်း (Birth Registration) နှင့် မွေးလက်မှတ် (Birth Certificate) ထုတ်ပေးခြင်းများကို မည်သို့သော အစီအမံများဖြင့် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မွေးကင်းစ ကလေးသူငယ်များကို မွေးကင်းစကလေး မှတ်ပုံတင်ခြင်း (Birth Registration) နှင့် မွေးလက်မှတ် (Birth Certificate) ထုတ်ပေးခြင်းများကို မည်သို့သောအစီအမံများဖြင့် ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များနှင့် ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မွေးကင်းစကလေးများနှင့်သက်ဆိုင်တဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းဖြစ်ရတဲ့ အကြောင်းရင်းကတော့ တချို့မိခင်များအနေနဲ့ မိမိရဲ့ရင်သွေးငယ်များကို မွေးပြီးပြီးချင်း ဒါမှမဟုတ် မွေးဖွားပြီး ရက်အနည်းငယ်အတွင်းမှာ မွေးစာရင်းပြုလုပ်ရမှာကို ကောင်းစွာမသိရှိကြတဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရန်နှင့် မွေးလက်မှတ်မရှိသေးတဲ့ ကလေးငယ်များအတွက် ရည်ရွယ်ပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော့်ရဲ့မေးခွန်းကို ဖတ်ကြားမေးမြန်းခွင့်ပြုပါရန်နဲ့ အင်္ဂလိပ်စာအသုံးအနှုန်းပါရှိသည်ကို ခွင့်ပြုပေးနိုင်ပါရန် ကြိုတင်ပန်ကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နေရာဒေသအနှံ့ဖြစ်တဲ့ မြို့နယ်များ၊ ကျေးလက်တောရွာများ၊ နယ်စပ်ဒေသများနှင့် ဝေးလံခေါင်သီသော ဒေသများပါမကျန်နေရာဒေသအသီးသီးတွင် မွေးဖွားလျက်ရှိကြတဲ့ မွေးကင်းစကလေးသူငယ်များကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက မွေးကင်းစကလေး မှတ်ပုံတင်ခြင်းတစ်နည်း မွေးစာရင်းပြုလုပ်ခြင်းကို လွယ်ကူစွာဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုကဲ့သို့ မွေးစာရင်းထားရှိရေးသွင်းခြင်းကို မွေးကင်းစအရွယ်မှပင် ကလေးငယ်ရဲ့အခွင့်အရေးတစ်ရပ်ကို ရရှိနိုင်မယ့်အပြင် ထိုမွေးစာရင်းရေးသွင်းခြင်းဖြင့် အမြဲတမ်းတရားဝင် မှတ်တမ်းတစ်ခုလည်း ရရှိမှာဖြစ်ပါတယ်။

မွေးစာရင်းရေးသွင်းတဲ့နေရာမှာ အရှင်မွေးပုံစံ၊ အသေမွေးပုံစံစသည်ဖြင့် မွေးစာရင်းမှတ်တမ်းရေးသွင်းကြရပြီး သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးရုံးသို့ ပေးပို့ရမှာဖြစ်ပါတယ်။ ထိုကဲ့သို့ မွေးကင်းစကလေးငယ်များအား မွေးစာရင်းရေးသွင်းခြင်းကို မြို့ပေါ်ရပ်ကွက်များနဲ့ ကျန်းမာရေးဝန်ထမ်းများရောက်ရှိနိုင်တဲ့ လက်လှမ်းမီတဲ့ကျေးလက်တောရွာများအတွက်ကတော့ လွယ်ကူစွာဆောင်ရွက်နိုင်မှာဖြစ်သော်လည်းတချို့ဝေးလံသောနယ်စပ်ဒေသများ၊ မဖွံ့ဖြိုးသေးသောဒေသများ၊ သွား/လာရခက်ခဲပြီး လမ်းပန်းဆက်သွယ်ရေးမလွယ်ကူတဲ့နေရာဒေသများ၊ တစ်ဖက်အိမ်နီးချင်းနိုင်ငံများမှာ သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ရွှေ့ပြောင်းလုပ်သားမိခင်များရဲ့ မွေးဖွားပြီးကာစ ရင်သွေးငယ်များအတွက်အား မွေးစာရင်း ရေးသွင်းရန် အတွက်ကတော့ ခက်ခက်ခဲခဲ အတားအဆီးတစ်ရပ်ရှိနေဦးမှာ ဖြစ်ပါတယ်။

မွေးကင်းစကလေးငယ်များရဲ့ မွေးစာရင်းရေးသွင်းထားခြင်းကြောင့် ကလေးငယ်များရဲ့ မွေးဖွားမှုနှုန်း၊ တစ်နှစ်အောက်ကလေးငယ်များသေဆုံးမှုနှုန်းတို့ကို တိကျစွာရရှိနိုင်မှာဖြစ်တဲ့အတွက် ဒီ Infant Mortality Rate ကို တွက်ချက်တဲ့နေရာမှာ အထောက်အကူရရှိနိုင်မှာဖြစ်ပါတယ်။ မွေးကင်းစကလေးများရဲ့ မွေးစာရင်းတစ်နည်း မွေးမှတ်ပုံတင်ထားရှိပြီးတဲ့နောက်မှာ သက်ဆိုင်ရာ ကျန်းမာရေးဌာနကတစ်ဆင့် ကျန်းမာရေး

ဝန်ထမ်းများက မွေးလက်မှတ်ကို ကာယကံရှင် မိဘများထံ ထုတ်ပေးမှာဖြစ်ပါတယ်။ ထိုမွေးလက်မှတ်ထားရှိခြင်းဖြင့် ကလေးငယ်များသည် မည်သူ၊ မည်ဝါဖြစ်ပါကြောင်း တရားဝင်ခိုင်လုံတဲ့အထောက်အထား Legal Identity တစ်ခုရရှိမှာဖြစ်ပြီး ထိုမွေးလက်မှတ်တွင် ကလေးအမည်၊ မိဘအမည်၊ မွေးဖွားသည့်နေ့ရက်၊ ကျား/မ မွေးဖွားသည့်ဒေသ၊ လိပ်စာ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ စသည်တို့ ပါဝင်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင် မွေးစာရင်းထားရှိခြင်းကြောင့် ကလေးငယ် အသက် (၁၀) နှစ်ပြည့်တဲ့အချိန်နဲ့ (၁၈)နှစ်ပြည့်တဲ့အချိန်မှာ နိုင်ငံသားစိစစ်ရေးလက်မှတ်ပြုလုပ်တဲ့နေရာမှာသော်လည်းကောင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ခံယူတဲ့နေရာမှာသော်လည်းကောင်း၊ ကျောင်းစတင်အပ်နှံတဲ့နေရာမှာသော်လည်းကောင်း၊ အရွယ်မရောက်မီထိမ်းမြားခြင်း၊ အမွေဆက်ခံပိုင်ခွင့်အတွက်သော်လည်းကောင်း၊ ငယ်ရွယ်စဉ်လုပ်ငန်းခွင်ဝင်ရောက်ရာမှာသော်လည်းကောင်း၊ ကလေးငယ်များတရားရုံးကိစ္စနဲ့ပတ်သက်လာခဲ့လျှင်သော်လည်းကောင်း ခိုင်လုံတဲ့အထောက်အထားတစ်ရပ် ရရှိနိုင်တဲ့ အကျိုးတရားများ ရရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မွေးကင်းစကလေးသူငယ်များကို မွေးကင်းစကလေးလက်မှတ်၊ မှတ်ပုံတင်ခြင်း၊ (Birth Registration) နှင့် မွေးကင်းစကလေးများ၏ မွေးလက်မှတ် (Birth Certificate) ထုတ်ပေးခြင်းကို မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိသည်၊ တစ်ဖက် အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်အလုပ်လုပ်နေကြတဲ့ မိခင်များရဲ့ မွေးကင်းစကလေးများရဲ့ မွေးစာရင်းပြုလုပ်ခြင်းနှင့် မွေးလက်မှတ်ထုတ်ပေးခြင်းကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်၊ အကြောင်းအမျိုးမျိုးကြောင့် မွေးကင်းစအရွယ်တွင် မွေးစာရင်းနဲ့ မွေးလက်မှတ်မပြုလုပ်ရသေးတဲ့ အသက် (၁၀) နှစ်အောက် ကလေးငယ်များကို မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်နဲ့ အသက် (၁၀) နှစ်နဲ့အထက်အရွယ်ရှိ မွေးလက်မှတ်မရရှိတဲ့ ကလေးငယ်များရဲ့ မွေးလက်မှတ်များပြုလုပ်ခြင်းကို မည်ကဲ့သို့ဆောင်ရွက်ထားရှိသည်များကို သိရှိလိုပါ၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

မွန်ပြည်နယ်၊ အမှတ် (၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးဝင်း၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် မွေးဖွားပြီးစကလေးတိုင်း တောရေမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် မွေးဖွားသည့်ကလေးတိုင်းကို မွေးမှတ်ပုံတင်ထုတ်ပေးနိုင်ရန်နှင့် မွေးစာရင်းလက်မှတ်ရရှိစေရန် ဗဟိုတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံများတွင် မွေးဖွားသည့်ကလေးများအတွက် မွေးစာရင်းလက်မှတ် (Birth Certificate) ကို ဆေးရုံဆင်းသည့်အချိန်တွင်ထုတ်ပေးရန်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ သားဖွားခန်းများ၊ ကျေးရွာ၊ ရပ်ကွက်အတွင်း နေအိမ်များတွင် မွေးဖွားသည့် ကလေးများအတွက် မွေးစာရင်းလက်မှတ်ကို တစ်လအတွင်းထုတ်ပေးရန်နှင့် ထိုသို့ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြရန် ညွှန်ကြားချက်များ ထုတ်ထားပြီး အတိအကျလိုက်နာဆောင်ရွက်ရန်လည်း အကြောင်းကြားပြီးဖြစ်ပါတယ်။

ယခုလက်ရှိ ကျင့်သုံးနေတဲ့ ဖွား/သေ မှတ်ပုံတင်စနစ်သည် မွေးဖွား၊ သေဆုံးသည့်နေရာ (Place of Occurrence) ပေါ် မူတည်၍ မှတ်ပုံတင်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဖက်အိမ်နီးနားချင်းနိုင်ငံများတွင် မွေးဖွားခဲ့သော မွေးကင်းစကလေးငယ်များ၏ မွေးမှတ်ပုံတင်ခြင်း၊ မွေးလက်မှတ်ထုတ်ပေးခြင်းတို့နှင့် ပတ်သက်၍ သီးခြားထုတ်ပြန်ထားသော ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများမရှိသေးသော်လည်း ၎င်းကိစ္စအား သီးခြားဆောင်ရွက်နိုင်ရန်အတွက် နှီးနွှယ်ဦးစီးဌာနများ၊ နှီးနွှယ်ဝန်ကြီးဌာနများမှ ဆောင်ရွက်ရန်

စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် မွေးဖွားမှု/သေဆုံးမှု မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရာ၌ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်နေ့ နေ့စွဲဖြင့် ဗဟိုစာရင်းအင်းအဖွဲ့ ဖွား/သေ စာရင်းအင်းဌာနစိတ်မှ ထုတ်ဝေထားသော ဖွား/သေ မှတ်ပုံတင်အရာရှိများအတွက် လက်စွဲစာအုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ပြဋ္ဌာန်းချက်များအရ မွေးဖွားမှုမှတ်ပုံတင်ရန်အတွက် ဥပဒေပြဋ္ဌာန်းထားသည့် အချိန်ကာလကို ရက် (၃၀) အတွင်းသတ်မှတ်ထားပြီး မှတ်ပုံတင် နှောင့်နှေးခြင်းများအတွက် မွေးဖွားသည်မှ (၁၂) လအထိ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ (၁၂) လကုန်ဆုံးသည်အထိ မှတ်ပုံမတင်ရသော မွေးဖွားမှုများအတွက် အသက် (၅) နှစ်မကျော်သေးသည့် ကာလအတွင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများထံတင်ပြ၍ ခွင့်ပြုချက်တောင်းခံပြီး မွေးလက်မှတ်များ ထုတ်ပေးလျက်ရှိပါတယ်။

ကျန်းမာရေးဦးစီးဌာနသည် လက်ရှိတွင် အသက် (၅) နှစ်မှ (၅) နှစ်အောက် ကလေးများမွေးဖွားမှု မှတ်ပုံတင်ခြင်းနှင့် မွေးလက်မှတ်ထုတ်ပေးခြင်းများကိုသာ ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဆေးရုံ၊ ခရိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနများသည် မွေးစာရင်းမှတ်ပုံတင်ခြင်း၊ မွေးလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းသာမက မွေးဖွားပြီး အသက် (၁)နှစ်အတွင်း ကလေးများ၏ အချက်အလက်များကို မွေးမှုကြမ်းပုံစံများတွင် ဖြည့်စွက်ကာ တစ်နိုင်ငံလုံး၏ မွေးဖွားမှုစာရင်းကို ထုတ်ပြန်နိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့သို့ ဆက်လက်ပေးပို့ရပါတယ်။ မွေးမှုကြမ်းရရှိမှုအပေါ် မူတည်တွက်ချက်ကာ ဗဟိုစာရင်းအင်းအဖွဲ့မှ နိုင်ငံ၏ မွေးဖွားမှုနှုန်းများကို ထုတ်ပြန်လျက်ရှိပါတယ်။

Multiple Indicator Cluster Survey (MICS) ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၀ ခုနှစ်စစ်တမ်းများစာရင်းအရ (၅) နှစ်အောက်ကလေးများ မွေးလက်မှတ်ရရှိမှုမှာ ၂၀၀၀ ပြည့်နှစ်တွင် (၆၀. ၆) ရာခိုင်နှုန်းရှိပြီး ၂၀၁၀ ခုနှစ်တွင် (၇၂. ၄) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရသဖြင့် မွေးလက်မှတ်ရရှိရန်ကျန်သူများရှိနေသေးကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။ သို့အတွက် မွေးလက်မှတ်ကျန်ရှိသူများနှင့် ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့တဲ့ အသက် (၅) နှစ်မှ (၁၀) နှစ်၊ (၁၀) နှစ်အထက်များအတွက်တော့ သီးခြားတောင်းခံဆောင်ရွက်လာမယ်ဆိုလို့ရှိရင် ဆက်နွှယ်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ တင်ပြလာတဲ့ အထောက်အထားများကို စိစစ်ဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါက်တာစိုးဝင်းရဲ့ မေးမြန်းချက်နဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းနဲ့ သတင်းစာများမှာထုတ်ပြန်နိုင်ရန် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေအပိုဒ် ၁၂၂ အရ ဆုံးဖြတ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ကာကွယ်ရေးဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက် )

စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ၂) ၂၀၁၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ တွဲဖက်ထားသော အောက်ဖော်ပြပါ အရာရှိများအား နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာနတွင် ၎င်းတို့နှင့်ယှဉ်တွဲပါရာထူးများ၌ မတ်လ (၉) ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်အပ်လိုက်သည် -

(က) ကြည်း ၃၄၄၃၅ ဗိုလ်မှူး ဇေယျာဦး ညွှန်ကြားရေးမှူး

(ခ) ကြည်း ၄၀၃၉၈ ဗိုလ်ကြီး ဇော်ထက် လက်ထောက်ညွှန်ကြားရေးမှူး

(ဂ) ကြည်း ၄၁၃၆၄ ဗိုလ်ကြီး ကျော်ညီညီဝင်း လက်ထောက်ညွှန်ကြားရေးမှူး

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက် )

စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ၂) ၂၀၁၅ အရ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသော အောက်ဖော်ပြပါ အရာရှိများအား နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာနတွင် ၎င်းတို့နှင့်ယှဉ်တွဲပါရာထူးနေရာများ၌ မတ်လ ၂၀ ရက်နေ့နံနက်ပိုင်းမှစ၍ ခန့်အပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ကြည်း ၁၆၇၄၁ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဟန် | ညွှန်ကြားရေးမှူး |
| (ခ) | ကြည်း ၃၁၉၆၈ ဗိုလ်မှူးကျော်စန်းယု | ဒုတိယညွှန်ကြားရေးမှူး |
| (ဂ) | ကြည်း ၃၁၇၂၅ ဗိုလ်ကြီး စိုးသက်မောင် | လက်ထောက်ညွှန်ကြားရေးမှူး |
| (ဃ) | ကြည်း ၃၇၆၉၃ ဗိုလ်ကြီး လင်းသီဟ | လက်ထောက်ညွှန်ကြားရေးမှူး |
| (င) | ကြည်း ၃၆၀၅၃ ဗိုလ်ကြီး ထက်အောင်လှိုင် | ဦးစီးအရာရှိ |
| (စ) | ကြည်း ၃၇၃၇၈ ဗိုလ်ကြီး မြင့်ကျော်သူ | ဦးစီးအရာရှိ |
| (ဆ) | ကြည်း ၃၁၉၃၅ ဗိုလ်ကြီး စိုးနိုင်ဝင်း | ဦးစီးအရာရှိ |
| (ဇ) | ကြည်း ၅၂၆၃၇ ဗိုလ်ကြီး အောင်မျိုးသန့် | ဦးစီးအရာရှိ |
| (ဈ) | ကြည်း ၅၃၁၈၄ ဗိုလ်ကြီး တိုးဝေအောင် | ဦးစီးအရာရှိ |

ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

အမှတ် ၁၀ ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဒေါ်ခင်စန်းအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၅ ခုနှစ်၊ မတ်လ ၇ ရက်မှ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၁၁ ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှ အောက်ဖော်ပြပါ အရာထမ်း (၃) ဦးအား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ နိုင်ငံတော်ဘဏ္ဍာငွေအလွဲသုံးစားမှုဖြင့်

တစ်ဦးလျှင် ထောင်ဒဏ် (၄၀) နှစ်စီကျခံရန် အမိန့်ချမှတ်သည့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ ရာထူးမှ ထုတ်ပယ်လိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးထွန်းထွန်းလတ် | မန်နေဂျာ |
| ၂။ | ဦးကျော်မင်းဦး | လက်ထောက်မန်နေဂျာ (ဖြန့်ချိရေး) |
| ၃။ | ဦးဝင်းမြင့် | လက်ထောက်မန်နေဂျာ (ငွေစာရင်း) |

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

အမှတ် ၁၂ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အောက်ဖော်ပြပါအမှုထမ်း (၅) ဦးတို့အား ယင်းတို့နှင့်ယှဉ်တွဲပါရာထူးနေရာများသို့ တာဝန်ထမ်းဆောင်သည့် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး/လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|---|
| ၁။ | ဦးအေးသန်း | အကြီးတန်းသတင်းထောက် (၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၂။ | ဦးစန်းအောင် | စာပေလက်ထောက်-၁ (၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၃။ | ဦးဝင်းကျော် | အကြီးတန်းသတင်းထောက် (၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၄။ | ဦးသန်းဦး | အကြီးတန်းသတင်းထောက် (၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၅။ | ဦးခင်မောင်ထွေး | အကြီးတန်းသတင်းထောက် (၁၀၅,၀၀၀-၁,၀၀၀-၁၁၀,၀၀၀) | စာတည်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက် )

အမှတ် ၁၃ ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၆/၂၀၁၅)၏သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ကြီး) ရုံးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးစိုင်းဆမ်တစ်အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက် )

အမှတ် ၁၄ ။ ။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးအမှတ်စဉ် (၆/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေး

ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါအရာထမ်းအား ယှဉ်နှင့်ယှဉ်တွဲပါရာထူး နေရာသို့ ၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ နေရာ** | **တိုးမြှင့်ခန့်ထားသည့်ရာထူး၊ နေရာ** |
| --- | --- |
| ဦးအောင်ငွေ<br>ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနခွဲ(ရုံးချုပ်)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>(ရုံးချုပ်)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက် )

အမှတ် ၁၅ ။ ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) ၏ သဘောတူခွင့်ပြုချက်အရ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများ၏ ဖွဲ့စည်းပုံများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးကို အရာထမ်း ရာထူး (၁၉) နေရာ၊ အမှုထမ်းရာထူး (၂၇) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၄၆) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၅၀) နေရာ၊ အမှုထမ်းရာထူး (၁၁၅) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၁၆၅) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ခ) ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၏ လက်ရှိဖွဲ့စည်းပုံအရာထမ်းရာထူး (၄၇) နေရာ၊ အမှုထမ်းရာထူး (၃၃၁) နေရာ စုစုပေါင်း ဝန်ထမ်းရာထူး (၃၇၈) နေရာကို ဖျက်သိမ်းလိုက်သည်။

(ဂ) ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို အရာထမ်းရာထူး (၁၇၀) နေရာ၊ အမှုထမ်းရာထူး (၃၈၂၄) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၃၉၉၄) နေရာဖြင့် ဖွဲ့စည်းထားရာမှ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲကို အသစ်ထပ်မံဖွဲ့စည်းခြင်း၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲနှင့် စီမံခန့်ခွဲရေးဌာနခွဲတို့ကို တိုးချဲ့ဖွဲ့စည်းခြင်းတို့အတွက် အရာထမ်းရာထူး (၁၉) နေရာ၊ အမှုထမ်းရာထူး (၂၂၈) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၂၄၇) နေရာ တိုးချဲ့၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၈၉) နေရာ၊ အမှုထမ်းရာထူး (၄၀၅၂) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၄၂၄၁) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ဃ) ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို အရာထမ်းရာထူး (၃၀၁) နေရာ၊ အမှုထမ်းရာထူး (၂၇၅၆) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၃၀၅၇) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၁၇) နေရာ၊ အမှုထမ်းရာထူး (၇၅) နေရာ တိုးချဲ့ဖွဲ့စည်း၍ အရာထမ်းရာထူး (၃၁၈) နေရာ၊ အမှုထမ်းရာထူး (၂၈၃၁) နေရာ၊ စုစုပေါင်း ဝန်ထမ်းရာထူး (၃၁၄၉) နေရာဖြင့် ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(င) ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို အရာထမ်းရာထူး (၈၈) နေရာ၊ အမှုထမ်းရာထူး (၄၁၃၇) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၄၂၂၅) နေရာဖြင့် ဖွဲ့စည်းထားရာမှ လက်ထောက်အထွေထွေမန်နေဂျာ (စီမံ၊ ပုံနှိပ်၊ ထုတ်လုပ်၊ စာရင်း) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး (၄) နေရာ၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အဆင့်တူ ဒုတိယစာတည်းမှူးချုပ်/ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး (၁) နေရာနှင့် လက်ထောက်ညွှန်ကြားရေးမှူးရာထူးနှင့်အဆင့်တူ မန်နေဂျာ (စီမံ၊ ပုံနှိပ်)

လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူး (၂) နေရာ၊ စုစုပေါင်း အရာထမ်းရာထူး (၇) နေရာ တိုးချဲ့၍ ပုံနှိပ်ကျွမ်းကျင်-၅ (စက်) လစာနှုန်း (၈၁,၀၀၀-၁,၀၀၀-၈၆,၀၀၀) ရာထူး (၂၀) နေရာနှင့် လုပ်သား (ခဲစာလုံးစာစီ) လစာနှုန်း (၇၅,၀၀၀-၁,၀၀၀-၈၀,၀၀၀) ရာထူး (၁၄) နေရာ စုစုပေါင်း ဝန်ထမ်းရာထူး (၃၄) နေရာကို ဖျက်သိမ်းပြီး အရာထမ်းရာထူး (၉၅) နေရာ၊ အမှုထမ်းရာထူး (၄၁၀၃) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၄၁၉၈) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(စ) ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကို အရာထမ်းရာထူး (၁၃၂) နေရာ၊ အမှုထမ်းရာထူး (၁၄၈၄) နေရာ၊ စုစုပေါင်း ဝန်ထမ်းရာထူး (၁၆၁၆) နေရာဖြင့် ဖွဲ့စည်းထားရာမှ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်ကို Global Direct Link Co., Ltd. နှင့် Joint Venture အဖြစ် ဆောင်ရွက်ခြင်းကြောင့် ယင်း၏ ဖွဲ့စည်းပုံအင်အား အရာထမ်းရာထူး (၁၆) နေရာ၊ အမှုထမ်းရာထူး (၁၅၇) နေရာ၊ စုစုပေါင်း ဝန်ထမ်းရာထူး (၁၇၃) နေရာကို ဖျက်သိမ်းပြီး ကိုယ်ပွားသတင်းစာတိုက် (မုံရွာ) ကို အရာထမ်းရာထူး (၄) နေရာ၊ အမှုထမ်းရာထူး (၅၆) နေရာ၊ စုစုပေါင်း ဝန်ထမ်းရာထူး (၆၀) နေရာဖြင့်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (စစ်တွေ)၏ လက်ရှိဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁) နေရာ၊ အမှုထမ်းရာထူး (၄၃) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၄၄) နေရာဖြင့် ဖွဲ့စည်းထားရာမှ အရာထမ်းရာထူး (၃) နေရာ၊ အမှုထမ်းရာထူး (၁၃) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၁၆) နေရာ တိုးချဲ့ပြီး အရာထမ်းရာထူး (၄) နေရာ၊ အမှုထမ်းရာထူး (၅၆) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၆၀) နေရာဖြင့်လည်းကောင်း တိုးချဲ့ဖွဲ့စည်း၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၁၂၃) နေရာ၊ အမှုထမ်းရာထူး (၁၃၉၆) နေရာ၊ စုစုပေါင်းဝန်ထမ်းရာထူး (၁၅၁၉) နေရာဖြင့် ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၄ ရက် )

အမှတ် ၁၆ ။ ။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေး ဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ နေရာ၊ လစာနှုန်း | ပြောင်းရွှေ့တာဝန်ချထားသည့် ရာထူး၊ နေရာ၊ လစာနှုန်း |
|---|---|---|
| (က) | ဦးဝင်းကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(Editor In Chief)<br>(၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (ခ) | ဦးအေးကြွယ်<br>ညွှန်ကြားရေးမှူး (ထုတ်လုပ်)<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(စီမံခန့်ခွဲရေး)<br>(၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀)<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |

ရဲထွဋ်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၀၉၀/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက် )

### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဖွဲ့စည်းခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပတွင် မိမိဝင်ငွေပေါ် ရပ်တည်လျက် နိုင်ငံတော်အစိုးရ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၉၁/၂၀၁၅)

### မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဖွဲ့စည်းခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ မန္တလေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပတွင် မိမိဝင်ငွေပေါ် ရပ်တည်လျက် နိုင်ငံတော်အစိုးရ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၉၂/၂၀၁၅)

### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ယာယီကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပတွင် မိမိဝင်ငွေပေါ် ရပ်တည်လျက် နိုင်ငံတော်အစိုးရ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခွင့်ပြုပြီးဖြစ်ပါသည်။

၂။ ကော်ပိုရေးရှင်းတွင် ဖွဲ့စည်းမည့် ဒါရိုက်တာ (၇) ဦး ပါဝင်သော ဘုတ်အဖွဲ့ကို တရားဝင် သတ်မှတ်ဖွဲ့စည်းခြင်း မပြုမီကာလအတွင်း ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး ယာယီတာဝန်ယူကြီးကြပ်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ယာယီကြီးကြပ်မှုအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး/ဌာန |
|---|---|---|
| (က) | ဦးအောင်ခိုင် | ဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ |
| (ခ) | ဦးမောင်မောင်လတ် | ဒုတိယဥက္ကဋ္ဌ<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ |
| (ဂ) | ဦးတိုးအောင် | အတွင်းရေးမှူး<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ |
| (ဃ) | ဦးထွန်းထွန်းဆွေ | တွဲဖက်အတွင်းရေးမှူး<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ |
| (င) | ဦးရန်လင်း | အင်ဂျင်နီယာချုပ်<br>ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ |
| (စ) | ဦးညီမြင့် | ကျွမ်းကျင်သူ |
| (ဆ) | ဦးညွန့်သန်း | ကျွမ်းကျင်သူ |

၃။　အထက်ဖော်ပြပါ ယာယီကြီးကြပ်မှုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တရားဝင် သတ်မှတ်ပေးအပ်သော ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဘုတ်အဖွဲ့ဒါရိုက်တာ (၇) ဦး၏ အမည်စာရင်းအားအတည်ပြုထုတ်ပြန်တာဝန်ပေးအပ်ခြင်းမပြုမီကာလအတွင်းသာ တာဝန်ယူကြီးကြပ်ရန်ဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာ (၀၉၃/၂၀၁၅)

## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ယာယီကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။　လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ မန္တလေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ပြင်ပတွင် မိမိဝင်ငွေပေါ်ရပ်တည်လျက် နိုင်ငံတော်အစိုးရ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်သော မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခွင့်ပြုပြီးဖြစ်ပါသည်။

၂။　ကော်ပိုရေးရှင်းတွင် ဖွဲ့စည်းမည့် ဒါရိုက်တာ (၇) ဦး ပါဝင်သော ဘုတ်အဖွဲ့ကို တရားဝင် သတ်မှတ်ဖွဲ့စည်းခြင်း မပြုမီကာလအတွင်း ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေး ယာယီတာဝန်ယူကြီးကြပ်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော ယာယီကြီးကြပ်မှုအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က)　ဦးမြင့်အောင်
　　ဦးဆောင်ညွှန်ကြားရေးမှူး
　　လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(ခ)　ဦးကျော်ငြိမ်း
　　ကျွမ်းကျင်သူ

(ဂ)　ဦးအောင်မြင့်
　　ကျွမ်းကျင်သူ

(ဃ)　ဒေါ်အေးအေးမင်း
　　ကျွမ်းကျင်သူ

၃။　အထက်ဖော်ပြပါ ယာယီကြီးကြပ်မှုအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တရားဝင် သတ်မှတ်ပေးအပ်သော မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဘုတ်အဖွဲ့ဒါရိုက်တာ (၇) ဦး၏ အမည်စာရင်းအားအတည်ပြုထုတ်ပြန်တာဝန်ပေးအပ်ခြင်းမပြုမီကာလအတွင်းသာ တာဝန်ယူကြီးကြပ်ရန်ဖြစ်ပါသည်။

ခင်မောင်စိုး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက် )

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်အရောင်းစင်တာများတွင် ရောင်းချရန် မော်တော်ယာဉ်များကို အပ်ကုန်စနစ် (Consignment Basic) ဖြင့် တင်သွင်းလာသူများသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည် -

(က) မော်တော်ယာဉ် အရောင်းစင်တာ (Sale Center) ဖွင့်လှစ်သည့် ကုမ္ပဏီများသည် စီးပွားရေး အကျိုးဆောင် တစ်ခုဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာတိုင်း/ပြည်နယ်ဒေသကြီးအစိုးရအဖွဲ့နှင့်သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြခွင့်ပြုချက်ရရှိပြီးမှသာ မော်တော်ယာဉ် အရောင်းစင်တာ (Sale Center) အသစ်ဖွင့်လှစ်ဆောင်ရွက်ရမည်။

(ဂ) အရောင်းစင်တာ ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် အမေရိကန်ဒေါ်လာ (၁) သိန်းအား နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဃ) အပ်ကုန် (Consignment Basic) ဖြင့်တင်သွင်းခဲ့သည့် မော်တော်ယာဉ်များ ရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) ဒေါ်လာ (၁) သိန်းအား ပြန်လည်ထုတ်ယူနိုင်သည်။

(င) မော်တော်ယာဉ် အရောင်းစင်တာ (Sale Center) တွင် ယာဉ်အိုး/ယာဉ်ဟောင်းအစီအစဉ်ဖြင့် ယာဉ် (၁၅၀) စီး၊ တစ်ဦးချင်းအစီအစဉ်အတွက် (၅၀) စီး၊ အငှားယာဉ် (Taxi) အား သီးခြားအစီအစဉ်ဖြင့် (၃၀) စီးအထိ တင်သွင်းနိုင်ပြီး အောက်ဖော်ပြပါ သတ်မှတ်ထားသည့် မော်တော်ယာဉ်အမျိုးအစားများနှင့် မော်ဒယ်နှစ်များအတိုင်း တင်သွင်းရမည် -

(၁) **ယာဉ်အိုး/ယာဉ်ဟောင်းအစီအစဉ်ဖြင့် တင်သွင်းခြင်း**

| စဉ် | အမျိုးအစား | မော်ဒယ်နှစ် |
|---|---|---|
| ၁ | ဆလွန်း၊ ဗင်၊ ဝက်ဂွန်၊ Micro Bus ၊ပစ်ကပ် Space Cab၊ Double Cab နှင့်အလားတူ ယာဉ်များ | ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ၊ (၁၃၅၀ စီစီနှင့်အောက် ယာဉ်ငယ်များအား ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ထုတ်လုပ်သော မော်တော်ယာဉ်များ) |
| ၂ | (၁) တန်မှ (၃) တန်အထိ အပေါ့စားထရပ်ကား (Light Truck) များ | ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၃ | (၃) တန်နှင့်အထက် ထရပ်ကားများ | ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၄ | မီနီဘတ်(စ်)၊ စီးတီးဘတ် (စ်) | ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၅ | Express Bus | ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |

(၂) **တစ်ဦးချင်း ဝယ်ယူခွင့်အစီအစဉ်အတွက် အရောင်းစင်တာမှ တင်သွင်းခြင်း**

| စဉ် | အမျိုးအစား | မော်ဒယ်နှစ် |
|---|---|---|
| ၁ | ဆလွန်း၊ ဗင်၊ ဝက်ဂွန်၊ Micro Bus ၊ပစ်ကပ် Space Cab၊ Double Cab နှင့်အလားတူ ယာဉ်များ | ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ၊ (၁၃၅၀ စီစီနှင့်အောက် ယာဉ်ငယ်များအား ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ထုတ်လုပ်သော မော်တော်ယာဉ်များ) |

| စဉ် | အမျိုးအစား | မော်ဒယ်နှစ် |
|---|---|---|
| ၂ | (၁) တန်မှ (၃) တန်အထိ အပေါ့စားထရပ်ကား (Light Truck) များ | ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၃ | (၃) တန်နှင့်အထက် ထရပ်ကားများ | ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၄ | မီနီဘတ်(စ်)၊ (၁၀ ဦးမှ ၁၅ ဦး) (ဘယ်မောင်း/ညာမောင်း) | ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၅ | မီနီဘတ်(စ်)၊ (၁၆ ဦးမှ ၂၅ ဦး) (ဘယ်မောင်း) | ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၆ | City Bus (ဘယ်မောင်း) | ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |
| ၇ | Express Bus (ဘယ်မောင်း) | ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ |

(၃) **ယာဉ်အို/ယာဉ်ဟောင်းအစီအစဉ်** (Taxi) **အတွက်တင်သွင်းခြင်း**

| စဉ် | အမျိုးအစား | မော်ဒယ်နှစ် |
|---|---|---|
| ၁ | ဆလွန်း၊ ဗင် (ယာဉ်မောင်းသူမှအပ စီးနင်းသူ (၅) ဦးထက် မပိုရ) | ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်းထုတ်လုပ်သော မော်တော်ယာဉ်များ၊ (၁၃၅၀/စီစီနှင့်အောက် ယာဉ်ငယ်များအား ၂၀၀၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိ ထုတ်လုပ်သော မော်တော်ယာဉ်များ) |

(စ) အပ်ကုန် (Consignment Basic) စနစ်ဖြင့် ဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့် ပေးချေသည့်စနစ် (သို့မဟုတ်) TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် ပေးချေခြင်းတို့ကို ပြောင်းလဲဆောင်ရွက်လိုပါက Consignment စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များ၏ အရေအတွက်လက်ကျန်စာရင်းအား တင်ပြရမည်ဖြစ်ပြီး LC (သို့မဟုတ်) TT စနစ်ဖြင့် ဆောင်ရွက်လိုကြောင်း လျှောက်ထားရမည့်အပြင် ယင်းစနစ်ဖြင့် တင်သွင်းသည့် မော်တော်ယာဉ်များကို ရောက်ရှိသည့်စာရင်း၊ ရောင်းချသည့်စာရင်း၊ လက်ကျန်စာရင်းအား သီးခြားလယ်ဂျာဖြင့် ပြုစုထားရှိရမည်။

(ဆ) မော်တော်ယာဉ်များကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလအတွင်း ရန်ကုန်ဆိပ်ကမ်းအရောက် တင်သွင်းရမည်။

(ဇ) တင်သွင်းလာသော မော်တော်ယာဉ်များကို ဆိပ်ကမ်းမှရွေးယူပြီးပါက သတ်မှတ်ခွင့်ပြုထားသည့် မော်တော်ယာဉ် အရောင်းစင်တာတွင်သာ ပြသရောင်းချရမည်။

(ဈ) တင်သွင်းလာသော မော်တော်ယာဉ်များကို အရောင်းစင်တာနှင့် သိုလှောင်ရုံတွင်သာ ထားရှိရမည်ဖြစ်ပြီး အရောင်းစင်တာမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်း၊ ဝယ်ယူသူအား ရောင်းချခြင်း မပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ည) မော်တော်ယာဉ်အရောင်းစင်တာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနမှ တာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဋ) အရောင်းစင်တာလက်မှတ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တို့အား အနည်းဆုံးသက်တမ်း မကုန်မီ (၁)လကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

၃။ ပြုပြင်ပြီး (Reconditioned) မော်တော်ယာဉ်များတင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ကိုက်ညီအောင် ပြုပြင်ထားသည့် မော်တော်ယာဉ်များကိုသာ တင်သွင်းရမည် -

(က) Engine, tested and adjusted to complete condition including Replacement of necessary parts (လိုအပ်သော အစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အကောင်းပကတိပြည့်စုံကြောင်းစစ်ဆေးပြီး၊ တပ်ဆင်ပြီးသော အင်ဂျင်ဖြစ်ရမည်)

(ခ) Under chassis including brakes, overhauled and repaired to complete safety condition including replacement of necessary parts (လိုအပ်သောအစိတ်အပိုင်းများကို ပြန်လည်အစားထိုးခြင်းအပါအဝင် အပြည့်အဝဘေးအန္တရာယ်ကင်းရှင်းရန် ဘရိတ်များမှအစ အသေးစိတ်စစ်ဆေးပြီး ပြန်လည်ပြင်ဆင်ထားသည့် ယာဉ်အောက်ပိုင်း ဖြစ်ရမည်)

(ဂ) Body repaired to complete condition and be painted (ပြီးပြည့်စုံသည့် အနေအထားသို့ရောက်သည်အထိ ဆေးသုတ်ပြုပြင်ထားသော ယာဉ်ကိုယ်ထည်ဖြစ်ရမည်)

(ဃ) Room inside, cleaned. (ယာဉ်အတွင်းပိုင်းသန့်ရှင်းရမည်)

(င) New battery and tyres (ဘက်ထရီနှင့် တာယာများ အသစ်ဖြစ်ရမည်)

(စ) Standards which are standardized by the relevant ministries (example such as ambulance, fire engine and taxi) (သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီရမည်) (ဥပမာ - လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ အငှားယာဉ်တက္ကစီ)

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွက် မော်တော်ယာဉ်အရောင်းပြခန်း (Show Room) တွင်ရောင်းချရန် မော်တော်ယာဉ်များကို တင်သွင်းလာသူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်ကို လိုက်နာရမည် -

(က) မော်တော်ယာဉ် အရောင်းပြခန်း (Show Room) တွင် ရောင်းချရန်တင်သွင်းလာသည့် မော်တော်ယာဉ်များသည်အသစ် (Brand New) ဖြစ်ရမည်။

(ခ) တင်သွင်းလာမည့် မော်တော်ယာဉ်များ၏ Model Year သည်ရောက်ရှိခုနှစ်နှင့် ရောက်ရှိခုနှစ်အောက် တစ်နှစ်နိမ့်ပြီး (လက်ရှိကာလတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်မော်ဒယ်) အသုံးမပြုရသေးသော Brand New (ဘယ်စတီယာရင်) ယာဉ်ကိုသာတင်သွင်းရမည်။

(ဂ) အရောင်းပြခန်းဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့်နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင်ဝန်ဆောင်မှုကုမ္ပဏီဖြင့်မှတ်ပုံတင်ရမည်ဖြစ်ပြီး၊ ၎င်းကုမ္ပဏီသည် တစ်ဖက်နိုင်ငံရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ Regional Office မှဖြစ်စေ မော်တော်ယာဉ်အသစ်များဖြန့်ဖြူးရောင်းချရန် အရောင်းကိုယ်စားလှယ် Distributorship ဖြင့် တရားဝင်ခန့်အပ်ခြင်းခံရသူ ဖြစ်ရမည်။

(ဃ) မော်တော်ယာဉ်အရောင်းပြခန်း (Show Room) ကို အဆင့်မီစွာ တည်ထောင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(င) တင်သွင်းသည့် မော်တော်ယာဉ်အသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ Spare Parts အပိုပစ္စည်းများရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုများ (After Sale Services) ကိုဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(စ) သက်ဆိုင်ရာ တိုင်း/ပြည်နယ်ဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြခွင့်ပြုချက်ရရှိပြီးမှသာ အရောင်းပြခန်း (Show Room) ဖွင့်လှစ် ဆောင်ရွက်ရမည်။

(ဆ) မော်တော်ယာဉ် အရောင်းပြခန်း (Show Room) တွင် ပြသရောင်းချမည့်မော်တော်ယာဉ်များကို အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်းဖြင့်ပေးချေသည့် စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

(ဇ) မော်တော်ယာဉ်စီးရေ (၃၀၀) အထိတင်သွင်းနိုင်သည်။

(ဈ) တင်သွင်းလာသော မော်တော်ယာဉ်များကို အရောင်းပြခန်းနှင့် သိုလှောင်ရုံတွင်သာထားရှိရမည်။ အရောင်းပြခန်းမှအပ အခြားနေရာများတွင် ပြသရောင်းချခြင်း၊ ဝယ်သူအားရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ည) အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့် ကုမ္ပဏီ၏ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် အမေရိကန်ဒေါ်လာ (၁) သိန်းအား နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ထည့်သွင်းသိမ်းဆည်းထားရမည်။

(ဋ) အပ်ကုန် (Consignment Basic) စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ်များရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း (သို့မဟုတ်) လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) ဒေါ်လာ (၁) သိန်းအား ပြန်လည်ထုတ်ယူနိုင်သည်။

(ဌ) မော်တော်ယာဉ် အရောင်းပြခန်း လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ထားရှိရမည့် စာရွက်စာတမ်း၊ စာရင်းစာအုပ်စသည်တို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြစ်စေ၊ ဝန်ကြီးဌာနမှတာဝန်လွှဲအပ်သည့် အဖွဲ့အစည်းမှဖြစ်စေ ဤသို့ ဝင်ရောက်စစ်ဆေးခြင်းကို သက်ဆိုင်ရာ လုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဍ) အရောင်းပြခန်းလက်မှတ်၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်တို့အား အနည်းဆုံးသက်တမ်း မကုန်မီ (၁) လကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ညိုညိုရှင် [၁၂/ကမရ (နိုင်) ၀၂၄၈၆၃] အား ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်၍ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၅)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး (၅) ဦးအား ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်၍ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| (က) | ဦးဇော်ဝင်း | PYU-၀၉၅၁၇၉ |
| (ခ) | ဦးသက်လွင်ဦး | ၁၂/မဂတ (နိုင်) ၀၇၄၀၄၀ |
| (ဂ) | ဒေါ်သီတာဝင်းဌေး | ၉/သစန (နိုင်) ၀၀၆၀၄၃ |
| (ဃ) | ဒေါ်နီလာစိုး | S/OKA-၀၉၃၂၉၇ |
| (င) | ဒေါ်မြမြစိန် | ၁၂/တမန (နိုင်) ၀၀၃၄၆၈ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၅)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၇) ဦးအား ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်၍ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|
| (က) | ဦးသိန်းထွန်း | ၉/ရမသ (နိုင်) ၀၈၁၆၄၇ |
| (ခ) | ဦးဇေယျာဆွေ | ၈/ခမန (နိုင်) ၀၀၀၂၀၆ |
| (ဂ) | ဦးသန်းနိုင်ဦး | ၉/ပမန (နိုင်) ၁၇၄၅၇၁ |
| (ဃ) | ဦးထွန်းအောင်ဇော် | ၈/တတက (နိုင်) ၀၉၇၂၈၄ |
| (င) | ဦးကျော်နိုင်စိုး | LSO-၁၃၅၃၆၉ |
| (စ) | ဦးဆန်းမြင့် | ၁၃/တကန (နိုင်) ၀၀၅၅၂၅ |
| (ဆ) | ဦးမြင့်ဝင်း | ၉/သစန (နိုင်) ၀၂၂၀၃၇ |

(ပုံ) ဝင်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်ကောင်စီ
## ရုံးအမိန့်အမှတ် (၃၂/၂၀၁၅)

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

၁။ နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပမည့် နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ တည်ထားကိုးကွယ်မည့် သံဝေဇနိယလေးဌာနဖြစ်သော ဘုရားလောင်းဖွားမြင်တော်မူရာနေရာ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ နေရာနှင့် ဘုရားပရိနိဗ္ဗာန်စံဝင်တော်မူရာနေရာများ ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားအား ၂၀၁၅ ခုနှစ်၊ မေလ ၂ ရက်နေ့ (၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်နေ့) တွင် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျင်းပရေးဦးစီး ကော်မတီနှင့် ဆပ်ကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) **ကျင်းပရေးဦးစီးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသိန်းညွန့် | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးချုပ်<br>ကျော်ကျော်ထွန်း | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးပိုက်ထွေး | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ<br>မောင်မောင်ဌေး | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါက်တာဝင်းမြင့် | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးသန်းဌေး | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ဗိုလ်မှူးကြီး မြင့်အောင်သန်း | ကောင်စီဝင် နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၈) | ဦးစောလှ | ကောင်စီဝင် နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၉) | ဦးမြင့်ရွှေ | ကောင်စီဝင် နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၀) | ဦးမျိုးညွန့် | ကောင်စီဝင် နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ ညီညီကျော် | ညွှန်ကြားရေးမှူးချုပ် သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဦးဝင်းဌေး | အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၃) | ဦးစိုးရန်နိုင် | ဌာနကြီးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၄) | ဦးမျိုးအောင် | တွဲဖက်အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၅) | ဦးသိန်းဆင့် | ကော်မတီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၆) | ဦးမင်းမင်းဇော် | ကော်မတီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၇) | ဦးအောင်ကျော်ငြိမ်း | ကော်မတီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၈) | ဦးကျော်မြင့် | ကော်မတီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၉) | ဦးဇော်မျိုးအောင် | ဌာနမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၂၀) | ဦးကံချွန် | ကောင်စီဝင် နေပြည်တော်ကောင်စီ | အတွင်းရေးမှူး |
| (၂၁) | ဦးသန်းကျော်ထူး | ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ | တွဲဖက်အတွင်းရေးမှူး (၁) |
| (၂၂) | ဦးခင်မောင်ဇော် | အတွင်းရေးမှူး နေပြည်တော်ကောင်စီ | တွဲဖက်အတွင်းရေးမှူး (၂) |

(ခ) **အခမ်းအနားကျင်းပရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသန်းဌေး | ကောင်စီဝင် နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဦးမျိုးအောင် | တွဲဖက်အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးအောင်ကျော်ငြိမ်း | ကော်မတီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | ဦးကျော်မြင့် | ကော်မတီဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးစိုးဝင်း | ဌာနမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ဦးမျိုးမြင့်မောင် | ဌာနမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ဦးဇော်မျိုးအောင် | ဌာနမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၈) | ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၉) | ဦးဇော်ဖြိုး | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၁၀) | ဦးဝင်းငွေ | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(ဂ) **သာသနာရေးဆိုင်ရာ ဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာ<br>မောင်မောင်ငွေ | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ကျော်ငြိမ် | ကော်မတီဝင်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူး (စီမံ)<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးအောင်ဆန်းဝင်း | နေပြည်တော်သာသနာရေးမှူး<br>နေပြည်တော်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးသူရ | လက်ထောက်ညွှန်ကြားရေးမှူး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးထက်အောင်ဖြိုး | မြို့နယ်အုပ်ချုပ်ရေးမှူး<br>ပုဗ္ဗသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးခိုင်အောင် | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | အတွင်းရေးမှူး |

(ဃ) **အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးကံချွန် | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်မြင့် | ကော်မတီဝင်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးမျိုးမြင့်မောင် | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | ဦးဇော်မျိုးအောင် | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးကျော်လွင် | ညွှန်ကြားရေးမှူး<br>နေပြည်တော်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးကျော်ငြိမ်း | တိုင်းလျှပ်စစ်အင်ဂျင်နီယာ<br>နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၇) | ဦးသူရ | လက်ထောက်ညွှန်ကြားရေးမှူး<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဇော်ဖြိုး | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၉) | ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၁၀) | ဦးမျိုးအောင် | တွဲဖက်အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(င) **ဆွမ်းဆက်ကပ်ရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမြင့်ရွှေ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဦးတင်မောင်အေး | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးရဲထွဋ် | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | ဦးဝေဇင်ထွန်း | ညွှန်ကြားရေးမှူး<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (၅) | ဦးအောင်လှိုင်မျိုး | ညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၆) | ဦးစိုးမော် | ညွှန်ကြားရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၇) | ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၈) | ဦးချမ်းသာ | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၉) | ဦးသိန်းဆင့် | ကော်မတီဝင်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(စ) **သံဃာတော်များပင့်ဆောင်ရေးနှင့် ပို့ဆောင်ရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာ<br>မောင်မောင်ဌေး | ဒုတိယဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးတင်ထူး | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးမျိုးမြင့်မောင် | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | ဦးခင်မောင်ဝင်း | ညွှန်ကြားရေးမှူး (စီမံ)<br>သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးအောင်ဆန်းဝင်း | နေပြည်တော်သာသနာရေးမှူး<br>နေပြည်တော်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>(အားလုံး) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>နေပြည်တော်ကောင်စီနယ်မြေ | အဖွဲ့ဝင် |
| (၇) | ဦးဇော်မိုးဝင်း | ACE ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (၈) | ဦးဝင်းဌေး | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(ဆ) **လုံခြုံရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဗိုလ်မှူးချုပ်<br>ကျော်ကျော်ထွန်း | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဗိုလ်မှူးကြီး<br>မြင့်အောင်သန်း | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဒု-ဥက္ကဋ္ဌ |
| (၃) | ရဲမှူးချုပ်အောင်အောင် | ရဲတပ်ရင်းများကွပ်ကဲရေးမှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ဒုရဲမှူးကြီးနိုင်လင်း | တပ်ဖွဲ့ခွဲမှူး<br>နေပြည်တော်သတင်းတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၅) | ဦးဌေးလွင် | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ရဲမှူးကြီးကိုကိုအောင် | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး | အတွင်းရေးမှူး |

(ဇ) **ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသန်းကျော်ထူး | ဒုတိယမြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ဥက္ကဋ္ဌ |
| (၂) | ဦးမင်းမင်းဇော် | ကော်မတီဝင်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးအေးကိုကို | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | ဦးသိန်းနိုင် | ဒုတိယဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးကိုကိုဦး | လက်ထောက်ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ဒေါက်တာကိုကိုမြတ် | လက်ထောက်ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ဦးမြတ်စိုး | မြို့နယ်အုပ်ချုပ်ရေးမှူး<br>ဥတ္တရသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးစိုးဝင်း | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အတွင်းရေးမှူး |

(စ၂) **မော်တော်ယာဉ်များကြီးကြပ်နေရာချထားရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးစောလှ | ကောင်စီဝင်<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းဌေး | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၃) | ဦးမျိုးမြင့်မောင် | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | ဦးသက်နှင်းဦး | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးဝင်းဆွေ | ဥက္ကဋ္ဌ<br>မထသ (အဝေးပြေး) | အဖွဲ့ဝင် |
| (၆) | ဦးအောင်မြင့်ကျော် | ဥက္ကဋ္ဌ<br>မထသ (မြို့တွင်း) | အဖွဲ့ဝင် |
| (၇) | ရဲမှူးသိန်းဦး | နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ | အတွင်းရေးမှူး |

(ည) **ကျန်းမာရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာဝင်းမြင့် | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါက်တာ<br>သန်းသန်းမြင့် | ဆေးရုံအုပ်ကြီး<br>နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်၁၀၀၀) | အဖွဲ့ဝင် |
| (၄) | ဒေါက်တာ<br>ဒေါ်လှလှကြည် | နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး<br>နေပြည်တော်ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |

(ဋ) **ပြန်ကြားရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးပိုက်ထွေး | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်စိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (၃) | ဦးအောင်မျိုးမြင့် | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ဦးမောင်ဖေ | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးဝင်းနိုင် | ဌာနမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးမျိုးမြင့်အောင် | ညွှန်ကြားရေးမှူး<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များနှင့် ကျင်းပရေးဦးစီးကော်မတီမှပေးအပ်သော တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကျင်းပရေးကော်မတီအနေဖြင့် ဆပ်ကော်မတီအသီးသီးသို့ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆပ်ကော်မတီများမှ တင်ပြသော လိုအပ်ချက်များအား ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်းနှင့် နာယကအဖွဲ့မှ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန်ဖြစ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)၊
(သန်းဌေး၊ ကောင်စီဝင်)၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်
( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက် )

### လစာခေါင်းစဉ်ဖြင့်ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ

ရည်ညွှန်းချက် ။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၆-၄-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ဘခ-၂/၁၁ (၂၆၆၇/၂၀၁၅)

အမှတ် ၁ ။ ။ တည်ဆဲဝင်ငွေခွန် ဥပဒေပုဒ်မ ၉ အရ လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာလုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ ကော်မရှင်နှင့် အကျိုးခံစားခွင့်များအတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်ဖြစ်ရာ အကျိုးခံစားခွင့်အတွက် The Commissioner of Income Tax ရုံး၏ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ Circular No.2 အရ ဝန်ထမ်းတစ်ဦးအနေဖြင့် အခလွတ်နေထိုင်ခွင့် ရရှိခြင်းအတွက် ငှားရမ်းခတန်ဖိုးအဖြစ် ပရိဘောဂပါဝင်လျှင် ၁၂. ၅ ရာခိုင်နှုန်း၊ မပါဝင်လျှင် လစာ၏ ၁၀ ရာခိုင်နှုန်းကို လစာဝင်ငွေတွင် ထည့်သွင်းတွက်ချက်၍ ဝင်ငွေခွန်စည်းကြပ်ကောက်ခံလျက်ရှိကြောင်း၊ ယခုအခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးက The Myanmar Income-Tax Act ကို ရုပ်သိမ်းပြီးဖြစ်၍ ယင်းအရထုတ်ပြန်ခဲ့သော Circular No.2 ကို အထောက်အထားပြု၍ အခွန်ကောက်ခံခြင်းကို ဆောင်ရွက်ရန်မသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါသဖြင့် **အခလွတ်နေအိမ် နေထိုင်ခွင့်ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) မှစတင်၍ ထည့်သွင်းတွက်ချက်ရန် မလိုအပ်ကြောင်း** အသိပေးအကြောင်းကြားပေးနိုင်ပါရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရည်ညွှန်းချက်ပါစာဖြင့် တင်ပြလာပါသည်။

သို့ပါ၍ ဌာန/အဖွဲ့အစည်းများမှ လစာခေါင်းစဉ်ဖြင့် ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ခြင်းနှင့် စပ်လျဉ်း၍ ပူးတွဲပါ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

**အကြောင်းအရာ။ လစာခေါင်းစဉ်ဖြင့်ရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက်ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ တည်ဆဲဝင်ငွေခွန် ဥပဒေပုဒ်မ ၉ အရ လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာလုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်း ရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်များအတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင် ရမည်ဖြစ်ပါသည်။ အကျိုးခံစားခွင့်ဆိုသည်နှင့် ပတ်သက်၍ The Commissioner of Income Tax ရုံး၏ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ Circular No.2 အရ ဝန်ထမ်းတစ်ဦးအနေနှင့် အခလွတ် နေထိုင်ခွင့်ရရှိခြင်းအတွက် ငှားရမ်းခတန်ဖိုးအဖြစ် ပရိဘောဂပါဝင်လျှင် ၁၂.၅ ရာခိုင်နှုန်း၊ မပါဝင်လျှင် လစာ၏ ၁၀ ရာခိုင်နှုန်းကို လစာဝင်ငွေတွင် ထည့်သွင်းတွက်ချက်၍ ဝင်ငွေခွန်စည်းကြပ်လျက်ရှိပါသည်။

၂။ ယခုအခါ ပြည်ထောင်စုရှေ့နေချုပ်ရုံးက The Myanmar Income-Tax Act ကို ရုပ်သိမ်းပြီးဖြစ်၍ ယင်းအရထုတ်ပြန်ခဲ့သော Circular No.2 ကို အထောက်အထားပြု၍ အခွန်ကောက်ခံခြင်းကို ဆောင်ရွက်ခြင်းပြုရန်မသင့်ကြောင်း သဘောထားမှတ်ချက်ပြုလာပါသဖြင့် အထက်အပိုဒ် ၁ ပါ ဖော်ပြထားသည့် **အခလွတ်နေအိမ် နေထိုင်ခွင့်ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ (၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်) မှစတင်၍ ထည့်သွင်းတွက်ချက်ရန် မလိုအပ်ကြောင်း** အသိပေးအကြောင်းကြားအပ်ပါသည်။

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက် )

**အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါဦးစီးအရာရှိ (၁၈) ဦးအား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

(က) ဦးသန့်ဇင်ထွန်း
(ခ) ဦးသန်းမြင့်
(ဂ) ဒေါ်ခင်ထားနွဲ့
(ဃ) ဦးမြင့်ဇော်ဝင်း
(င) ဦးသိန်းထွန်း
(စ) ဒေါ်ဥမ္မာ
(ဆ) ဒေါ်မာမာဝေ
(ဇ) ဒေါ်နွယ်နီလှိုင်
(စျ) ဒေါ်အေးအေးအောင်
(ည) ဦးနေဇာထွန်း
(ဋ) ဒေါ်လင်းလင်းလတ်
(ဌ) ဒေါ်သန္တာလင်း
(ဍ) ဦးမင်းဇော်ထွေး
(ဎ) ဦးစိုးမြင့်သိန်း
(ဏ) ဦးမင်းအောင်
(တ) ဦးရဲမင်းသီဟရာဇာဦး
(ထ) ဒေါ်နွယ်နွယ်စိုး
(ဒ) ဒေါ်သဇင်ခိုင်

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် ( ၂၀၁၅ ခုနှစ်၊ မေလ ၁၅ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ကပိစ်လီရန် ကုမ္ပဏီလီမိတက်**

**(Capillion Company Limited)**

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ-၂၀၆ (၁) အရ**

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ကပိစ်လီရန် ကုမ္ပဏီလီမိတက်** အား (၁၂-၀၅-၂၀၁၅) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ဒေါ်မီမီကျော် **(B.Com Q, C.P.A)** အမှတ်- (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၂-၀၆-၂၀၁၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျော်နိုင်ထွန်း
မန်နေးဂျင်းဒါရိုက်တာ
ကပိစ်လီရန်ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
B.Com Q, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**စိမ်းဝင်းခိုင် ကျောက်မျက် ကုမ္ပဏီလီမိတက်**

**(Sein Win Khaing Gems Co., Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၅-၆-၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် - ၂၃၆၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

U Hla Win
Managing Director
Seinn Win Khaing Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**စိုပြေစိမ်း ကျောက်မျက် ကုမ္ပဏီလီမိတက်**

**(So Pyay Seinn Gems Co., Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၅-၆-၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် - ၂၃၆၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**ကျောက်စိမ်းမဟူရာ ကျောက်မျက် ကုမ္ပဏီလီမိတက်**

**(Kyauk Seinn Ma Hu Yar Gems Co., Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၅. ၆-၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် - ၂၃၆၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအားအပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

U Thein Shwe
Managing Director
Kyauk Seinn Ma Hu Yar Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

**စုစည်းအောင်မြေ ကုမ္ပဏီလီမိတက်**

**(Susee Aung Myay Co., Ltd.)**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ **စုစည်းအောင်မြေကုမ္ပဏီလီမိတက် (Susee Aung Myay Co., Ltd.)** အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၅. ၆-၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် [ အမှတ် (၅၈/အေ)၊ ၆၉ လမ်း၊ ၄၂ × ၄၃ လမ်းကြား၊ မဟာမြိုင် (၁) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့] ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## လဝန်းစံ ကျောက်မျက် ကုမ္ပဏီလီမိတက်

## (La Wun San Gems Co., Ltd.)

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၅. ၆-၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် - ၂၃၆၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

U Si Thu Myat
Managing Director
La Wun San Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## ကျောက်စိမ်းနေပြည်တော် ကျောက်မျက် ကုမ္ပဏီလီမိတက်

## (Kyauk Seinn Nay Pyi Taw Gems Co., Ltd.)

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၁၅. ၆-၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် - ၂၃၆၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင် ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Daw Aye Thandar Khaing
Managing Director
Kyauk Seinn Nay Pyi Taw Gems Co., Ltd.

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## Eight Zero Eight Company Limited

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (c)**

**Eight Zero Eight Co., Ltd.** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအား အတည်ပြုရန် နောက်ဆုံး အစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (c) အရ အမှတ်-အက်စ်-၇၊ ဒုတိယထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ ဂျိုးဖြူလမ်း၊ ဖ. ဆ. ပ. လ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၌ (၅. ၆. ၂၀၁၅) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှင်များ အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

U Kyaw Hein
Managing Director
Eight Zero Eight Co., Ltd.

Cho Cho Toe
Liquidator
Eight Zero Eight Co., Ltd.
(In Member's Voluntary Liquidator)

## ဝေါလ်ဘရီ(ဂျ်)ဆားဗစ်ဆစ်လီမိတက်

## (World Bridge Services Ltd.)

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၅ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **ဝေါလ်ဘရီ(ဂျ်)ဆားဗစ်ဆစ်လီမိတက် (World Bridge Services Ltd.)** အား (၂၀. ၃. ၂၀၁၅) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဦးမောင်မောင်ထိပ် (ဘီကွမ်း၊ စီပီအေ၊ ဒီအီးပီ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၂၀. ၃. ၂၀၁၅) ရက်နေ့တွင် ခန့်အပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၅. ၆. ၂၀၁၅) နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ပြီးတောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချောသဉ္ဇာမင်း
မန်နေးဂျင်းဒါရိုက်တာ
World Bridge Services Ltd.

ဦးမောင်မောင်ထိပ်
B.Com, C.P.A, D.E.P
အခန်းအမှတ် (၃-ဘီ)၊ တိုက်အမှတ် (၃၃)
ပွဲစားတန်းလမ်း၊ နတ်ချောင်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၂၀၉၀၀၄

**JOINT WAY COMPANY LIMITED.**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **JOINT WAY COMPANY LIMITED.** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၅ ခုနှစ်၊ မေလ (၁၁) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေ အရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| AYE AYE KHIN | ဦးဇင်ဝေ |
| Managing Director | B.Com, C.P.A |
| JOINT WAY Co., Ltd. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

Notice Under Section 206 (1) of

**The Myanmar Companies Act**

**SCMT., LTD**

(In Voluntary Liquidation)

At the Extraordinary General Meeting of the Shareholders of the Company held at on 30-3-2015, the resolutions that Company was wound up voluntarily and Daw Khin Cho Kyi, (Supreme Court Advocate), Managing Director, Myanmar Legal Services Limited was appointed as a Liquidator were passed as special Resolutions.

For above resolutions, all persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (15-6-2015) on before that day.

Daw Khin Cho Kyi
B.A (Law), LL.B, LL.M
Company's Liquidator
Room 117, Inya Lake Hotel, Kabaaye Pagoda Road,
Mayangone, Township.
Phone: 657792, 650740

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၁၅-၅-၂၀၁၅။